CBCM

CBCM Herald

အတွဲ(၁)၊ အမှတ်(၅)

# Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

ကက်သလစ်ဆရာတော်ကြီးများရုံးချုပ်

လူထုဆက်သွယ်ရေးရုံး

cbcmosc@gmail.com ၀၉၅ ၁ ၅၂၅၈၀၈





ရဟန္တာပီးအို (စာ-၂ )



သနားကြင်နာခြင်း၏

သာသနာပြုများ (စာ-၁၄)







ကာဒီနယ်ချားစ်ဘို ဖိလစ်ပိုင်နိုင်ငံ ဆီဘူးအကျဉ်းထောင်သို့ ကြွရောက်အားပေးနေစဉ် (စာ-၃ )



သူတော်စင်များဂျူဘီလီနှစ်ပိတ်ပွဲ (စာ-၉ )



လူကုန်ကူးမှုဆန့်ကျင်ရေး သင်တန်း(စာ- ၇ )

**CBCM** - စာစောင်ကို လ၏ (၁၅) နှင့် (၃၀) ရက်နေ့တို့တွင်ထုတ်ဝေသည်။

**Herald** - တစ်စောင်(၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင်(၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့်အားပေးနိုင်ပါပြီ။

ကန့်သတ်

## ရဟန္တာပီးအိုနှင့် ရဟန္တာလေအိုပို့(ဒ်)တို့၏ ဓါတ်တော်

ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်ကခန္တာရုပ်ပျက်စီးခြင်းမရှိသည့် ရဟန္တာပီးအို၏ရုပ်ကလပ်နှင့်အတူရဟန္တာမြတ်ကြီးလေအိုပို့(ဒ်)၏ဓါတ်တော်တို့အားစိန်ပီတာဘာစီလီကာဗိမာန်တော်ကြီးသို့ ပင့်ဆောင်စေ ခဲ့ကာသနားကရုဏာနှင့်ပြည့်ဝသောသာသနာပြုဘုန်းတော်ကြီးများအဖြစ်အတည်ပြုကြေငြာခဲ့သည်။ရဟန္တာ(၂)ပါးကိုသနားကရုဏာနှင့်ပြည့်ဝသူ၊ ကမ္ဘာ့အရပ်ရပ်သို့သွားပြီးအာပတ်ဖြေခြင်းပြုပေးခဲ့သူ၊ဝိညာဉ်ရေးဆိုင်ရာတွင် ဦးဆောင်ဦးရွက်ပေးခဲ့သူအဖြစ်သိထားကြသည်။

သနားကရုဏာတရားကို ဟောပြောသက်သေခံနေကြသော ရဟန်းတော်များအတွက် အထူးသဖြင့် သနားကရုဏာနှစ်အတွက် နိုင်ငံအသီးသီးမှရောမမြို့သို့စေလွှတ်ခြင်းခံရသောရဟန်းတော်များတို့အတွက်လည်း စံနမူနာဖြစ်စေပြီး နာခံခြင်း၊သန့်ရှင်းစင်ကြယ်ခြင်းနှင့်ဆင်းရဲခြင်းပါရမီများကိုကျင့်ဆောက်တည်သွားနိုင်ရန် အားပေးတိုက်တွန်းကာ သနားကြင်နခြင်း၏သာသနာ ပြုများ” ဟုလည်း ခေါ်တွင်ခဲ့သည်။

ဤကဲ့သို့ မဟာကရုဏာ အထူးဂျူဘီလီနှစ်ကြီးတွင် ရဟန္တာကြီးနှစ်ပါးအားဖြင့် လူပေါင်းများစွာတို့သည် အာပတ်ဖြေခြင်းကိုပြုလုပ်နိုင်ပြီးဘုရားသခင်နှင့် အသင်းတော်အား ပြန်လည်ကျေအေးခြင်းအမှုများကို ပြုလုပ်နိုင်စေရန်ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်မှ အားပေးလမ်းညွှန်ပါသည်။

နိုင်ငံအသီးသီးမှရဟန်းတော်များကိုရောမမြို့သို့စေလွှတ်ခြင်း၊ ရဟန်းမင်းကြီးနှင့်တွေ့ဆုံခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရဟန်းမင်းကြီးအရှင်သူမြတ်ထံမှထူးခြားသောကျေးဇူးတော်နှင့်လုပ်ငန်းဆောင်တာများအပ်နှံခြင်းကိုခံယူပြီး မိမိတို့နိုင်ငံ၏ Year Of Mercy တွင် ဘာသာသူများကို အာပတ်ဖြေနားထောင်ပေးရန်နှင့် ဝိညာဉ်ရေးဆိုင်ရာများတွင် အထူးဦးဆောင်မှုများပြုလုပ် နိုင်စေရန်ဖြစ်သည်။

ဂါဟင်(ဗုဒ္ဓဟူးနေ့) တွင် ရာကျော်သော နိုင်ငံအသီးသီးမှ ရဟန်းတော်များသည် ရောမမြို့တွင် ရဟန်းမင်းကြီးအရှင်သူမြတ်နှင့်အတူ မစ္ဆားတရားတော်မြတ်ကို အတူတကွပူဇော်ကာ ရဟန်းမင်းကြီးထံတော်မှ ၎င်းတို့အားအလုပ်တာဝန်များကို အပ်နှင်း၍ မိမိတို့၏နိုင်ငံသို့ သာသနာပြုရန် စေလွှတ်မည် ဟု ဗာတီကန် ရေဒီယိုမှ သတင်း ရရှိ ပါသည်။ (ကိုပိုက်)

## ယုံကြည်မှုမတူသူများနှင့်တွေ့ဆုံဆွေးနွေးဖလှယ်ခြင်း

(ဖေဖော်ဝါရီလ)(၃မှ၄)ရက်နေ့အထိယုံကြည်သက်ဝင်မှုမတူသူများနှင့် တွေ့ဆုံဆွေးနွေးဖလှယ်သော ရုံးမှတာဝန်ရှိသူများ(PCID)နှင့် ကမ္ဘာ့ဘာသာပေါင်းစုံကောင်စီ(IRDC)တို့၏နှစ်စဉ်ပုံမှန်အစည်းအဝေးကို၊ဆွီဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်ကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေး ကျင်းပသောအပတ်သည်လည်း၊ ယုံကြည်မှုမတူညီသောဘာသာအချင်းချင်း၊ယှဉ်တွဲနေထိုင်သည့် ရက်သတ္တပတ်နှင့်တိုက်ဆိုင်နေသည်။ အစည်းအဝေး၌ ဆုတောင်းခြင်းနှင့်(၂၀၁၅)ခုနှစ်အတွင်း အသင်းအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် မည်သည့်အတိုင်းအတာထိ ဖော်ဆောင်လုပ်ကိုင်နိုင်ခဲ့ကြောင်းနှင့် အတွေ့အကြုံသစ်များကို ပြန်လည်ဝေမျှသုံးသပ်ခဲ့ကြပြီး (၂၀၁၆)၏ရှေ့လုပ်ငန်းစဉ်များကိုလည်း တင်ပြဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါရုံးနှစ်ခုမှ တာဝန်ရှိလူကြီးများသည် မကြာသေးမီနှစ်များအတွင်း နည်းလမ်းပေါင်းစုံဖြင့်ယုံကြည်မှုမတူသောဘာသာအချင်းချင်း၊အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အတူတကွလက်တွဲလုပ်ဆောင်လာခဲ့ကြကြောင်း၊ ဥပမာအားဖြင့် (၂၀၁၁)ခုနှစ်တွင် အသင်း၏ရည်ရွယ်ချက်ကို ပံ့ပိုးပေးသောစာအုပ်စာပေများ၊ မှတ်တမ်းမှတ်ရာများကို အတူတကွထုတ်ဝေဖြန့်ချီခြင်း အခြားဘာသာတို့၏ အရေးကြီးသော ဘာသာရေးအခမ်းအနားများ၌ တက်ရောက်ပါဝင်ခြင်း၊ ရေးဆွဲထားသောစီမံကိန်းများကိုအတူတကွ ဖော်ဆောင်ခြင်းတို့ဖြစ်သည်။

(၂၀၁၅) ခုနှစ်သည်၊ ဗာတီကန်(၂)အစည်းအဝေး မှတ်တမ်းဖြစ်သည့် Nostra Aetate ထုတ်ပြန်ခဲ့သည့် နှစ်(၅၀)နှစ်ပတ်လည်လည်းဖြစ်ကြောင်းသိရသည်။

ဤအစည်းအဝေးမှတ်တမ်းကို ကမ္ဘာ့ဘာသာပေါင်းစုံကောင်စီမှလည်း အသိအမှတ်ပြုထားကြောင်း၊ ထိုအစည်းအဝေးမှတ်တမ်းသည် ခရစ်ယာန်နှင့် အခြားသောဘာသာများအကြားပိုမိုရင်းနီးထိတွေ့မှုရှိအောင်မျိုးစေ့ချအလင်းပြပေးခဲ့သောမှတ်တမ်းတစ်ခုလည်းဖြစ်ကြောင်း၊ ဤနှစ်(၅၀)ပြည့်အစည်းအဝေးမှတ်တမ်းနှစ်ပတ်လည်နှစ်ကိုကျင်းပရင်း အနာဂါတ်၌အဖွဲ့နှစ်ခုအကြားအချင်းချင်းအပြန်အလှန် ဖေးမထိန်းကျောင်းမှုပေးကြရန်(၂၀၁၆)ခုနှစ်အစည်းအဝေးမှ ဆုံးဖြတ်ထားကြောင်း ဗာတီကန်ရေဒီယိုမှသိရသည်။ (ကိုပိုက်)

## ထိုင်ဝမ်မြေငလျင်သတင်းအပေါ် ပုပ်ဖရန်စစ်က နှစ်သိမ့် သဝဏ်လွှာပေးပို့ ခြင်းသတင်း

ထိုင်ဝမ်နိုင်ငံတောင်ပိုင်းတွင် ဖေဖော်ဝါရီလ ၆ ရက်၊ စနေနေ့တွင် ဖြစ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရသူများနှင့် အသက်ဆုံးရှုံးရသူများအတွက် ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်မှ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပေးပို့ ခဲ့ပါသည်။

တနင်္ဂနွေနေ့အထိ ကယ်ဆယ်ရေးသမားများသည် မြင့်မားသည့်တိုက်တာ အဆောက်အအုံများအောက်မှ (၁၇၀) ဦးကို ကယ်ထုတ်နိုင်ခဲ့ပြီး (၂၆)ဦးသေဆုံးပြီး အဆောက်အဦးများအောက်တွင်နောက်ထပ် လူဦးရေ (၁၀၀)ခန့် ကယ်တင်ရန်ရှိနေဆဲဖြစ်သည်ဟု ခန့်မှန်းရကြောင်း၊ ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်၏ကိုယ်စား ကာဒီနယ် **Pietro Parolin**က ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ရာတွင်၊ ဒုက္ခသည်နှင့် အသက်ဆုံးရှုံးသူအမြောက်အများရှိခဲ့သည့်ထိုင်ဝမ်တွင်အရှင်သူမြတ်သည်ဖြစ်ပွားခဲ့သော ကြောက်မက်ဖွယ်မြေငလျင်သတင်းကိုကြားသိရသည့်အတွက် အလွန်ပင်စိတ်ထိခိုက်ကြေကွဲရပါကြောင်း၊ ကယ်ဆယ်ရေးသမားများ၊ အာဏာ ပိုင်များ၊ ဒုက္ခသည်များ၊ အနာတရဖြစ်သူများ၊ သေဆုံးသူတို့၏ဆွေမျိုးများတို့နှင့် အရှင်သူမြတ်က စိတ်အားဖြင့်နီးကပ်စွာရှိနေပြီးအထူးဆုတောင်း ပေးလျှက်ရှိနေပါကြောင်း၊ယခုလိုသဘာဝဘေးဆိုးကျိုးကြောင့်သေဆုံးသူများ၏ဝိညာဉ်များအတွက် ဘုရားရှင်၏နူးညံ့သိမ်မွေ့ခြင်းနှင့်သနားကြင်နာခြင်းကို အထူးတောင်းခံပေးနေပြီး၊ ဒုက္ခသည်များဒဏ်ရာရရှိသူများနှင့် ပူဆွေးနေသူအားလုံးအတွက်လည်း ဘုရားရှင်၏နှစ်သိမ့်ခြင်း ကောင်းကြီးမင်္ဂလာတော်နှင့်ခွန်အားကျေးဇူးများကို အရှင်သူမြတ်ကတောင်းခံပေးလျှက်ရှိနေကြောင်းဖြင့်သဝဏ်လွှာပေးပို့ခဲ့သည်ကို ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။




## ပုပ်ဖရန်စစ်၏ ဗီဒီယိုသတင်းစကားနှင့် ၂၀၂၀ ခုနှစ် ကိုယ်တော်မြတ် ပွဲတော်အိမ်ရှင်နိုင်ငံ ကြေငြာခြင်းသတင်း

ဖိလစ်ပိုင်နိုင်ငံဆီဘူးမြို့တွင် ဇန်နဝါရီလ ၂၄ ရက်မှ ၃၁ ရက်နေ့ အထိကျင်းပခဲ့သော နိုင်ငံတကာကိုယ်တော်မြတ်ပွဲတော်ကြီး International Eucharistic Congress ပိတ်ပွဲအခမ်းအနားသို့ ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်က ဗီဒီသတင်းစကား ပေးပို့ခဲ့ပြီး နောင်လေး နှစ် ၂၀၂၀ ခုနှစ်တွင်ကျင်းပမည့် နိုင်ငံတကာကိုယ်တော်မြတ် ပွဲတော်ကြီးမှာ ဟန်ဂေရီနိုင်ငံတွင်ကျင်းပမည်ဖြစ်ကြောင်း တရားဝင် ကြေငြာ ခဲ့ပါသည်။



အရှင်သူမြတ်က သူ၏ကိုယ်စားအထက်ပါပွဲတော်ကြီးအား တာဝန်ယူကျင်းပပေးခဲ့သော ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးရဟန်းအမတ်ကာဒီနယ် ချားစ်ဘို၊ ဆီဘူးဂိုဏ်းချုပ်ဆရာတော်ကြီး၊ မနီလာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်တာ့ဂလယ်နှင့်တာဝန်ရှိသူများ၊တက်ညီလက်ညီပါဝင်တက်ရောက်ခဲ့ကြသည့်အာရှတစ်ခွင်မှ ဓမ္မမိတ်ဆွေ သူတော်စင်များ၊ ကမ္ဘာ့အနှံ့အပြားမှ ဘာသာဝင်အားလုံးကို နှုတ်ခွန်းဆက်ကျေးဇူးတင်ခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ တွင် ကျရောက်ခဲ့သောတိုက်ဖုန်းမုန်တိုင်း 'ရိုလန်ဒါ' အပြီး ဇန်နဝါရီလတွင် ဖိလစ်ပိုင်သို့ တမန်တော်ခရီးအလည်အပတ်ကြွလာခဲ့စဉ် ဖိလစ်ပိုင်ဘာသာဝင်တို့၏ အခက်အခဲကြားမှ ယုံကြည်ခြင်းခိုင်မြဲပုံကိုမိမိကိုယ်တိုင်တွေ့မြင်ခဲ့ရပါသည်။ယခုဆီဘူးတွင်ကျင်းပသည့်နိုင်ငံတကာ ကိုယ်တော်မြတ်ပွဲ တော်ကြီး၏ ဆောင်ပုဒ်သည် **(Christ in You, Our Hope of Glory)** 'ကျွန်ုပ်တို့၏မျှော်လင့်ခြင်းဘုန်းဂုဏ်တော်၊ ခရစ်တော်သည်ကျွန်ုပ်တို့၌ရှိသည်' ဆိုသည်မှာ လက်ရှိအချိန်နှင့်ကိုက်ညီလျှက်ရှိကြောင်း၊ ကိုယ်တော်မြတ်စက္ကရမင်တူး၏ အသွေးတော်နှင့်အသားတော်အားဖြင့် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်သည်အသင်းတော်ကြီးနှင့်အတူ ကျွန်ုပ်တို့နှင့်အတူအစဉ်အမြဲတည်ရှိနေပါသည်။

ခရစ်တော်သည်ကျွန်ုပ်တို့နှင့်အတူရှိနေသည်ဆိုခြင်းမှာနစ်သိမ့်ရန်ပင်မဟုတ်ပဲ တရားတော်နှင့်ကတိတော်လည်းဖြစ်ကြောင်း၊ ကတိတော်ဆိုသည်မှာ ငြိမ်းချမ်းခြင်းနှင့်ပျော်ရွှင်ဝမ်းမြောက်ခြင်းတို့ရှိရာ ကောင်းကင်နိုင်ငံတော်သည်ပြည့်စုံမည့်ဖြစ်၍ တရားတော်ဆိုခြင်း၌သာသနာပြုများအနေဖြင့် ရှေ့သို့တိုးကာ ဘုရားရှင်၏နူးညံ့သိမ်မွေ့ခြင်း၊ ခွင့်လွှတ်ခြင်းနှင့်သနားကြင်နာခြင်းတို့ကို အမျိုးသား/သမီးကလေးသူငယ်ပါမကျန်ခမည်းတော်၏ချစ်ခြင်းမေတ္တာတော်အတိုင်းသတင်းကောင်းသယ်ဆောင်ဝေငှရန်ဖြစ်သည်။

ကိုယ်တော်မြတ်ပွဲတော်ကြီးပိတ်ပွဲအပြီးဂိုညာဉ်ခွန်အားအပြည့်ဖြင့် အိမ်ပြန်ကြမည့် သားသမီးများအား အထူးကောင်းကြီး မင်္ဂလာတော်ပေးအပ်ရင်း နောက်လေးနှစ်အကြာ ဟန်ဂေရီနိုင်ငံ **Budapest**တွင်ကျင်းပပြုလုပ်မည့် ကိုယ်တော်မြတ်ပွဲတော်ကြီးအတွက် ပြင်ဆင်မှုများအောင်မြင်စေပါမည့်အကြောင်းဆုတောင်းပေးကြပါဟု ပုပ်ဖရန်စစ်အရှင်သူမြတ်က မြွက်ကြား ခဲ့သည်ကို ဗာတီကန်ရေဒီယိုမှသတင်းရရှိ ပါသည်။ (RVA)




"သင်တို့အားလုံး၂၀၂၀ ကျရင် ဟန်ဂေရီကိုလာကြပါလို့ဖိတ်ခေါ်ပါတယ်"

## ဝါတွင်းကာလ

ကက်သလစ်သာသနာတော်အတွက် ၂၀၁၆ ဖေဖော်ဝါရီ ၁၀ ရက်နေ့သည် ဝါကြီးဝင်သည့် ပြာခံခြင်း ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်။ ဝါတွင်းကာလကို ပြာခံ ဗုဒ္ဓဟူးနေ့ကြီးမှစတင်ကာ ပါစကားပွဲတော်နေ့ကြီး၏အဖိတ်နေ့အထိ ရက်ပေါင်း(၄၀)ဖြစ်ပါသည်။

ကက်သလစ်ဘာသာဝင်များသည် ပြာခံနေ့ ဗုဒ္ဓဟူးနေ့ နှင့် သောကြာနေ့ ကြီးတို့တွင် ဝါရှောင်၊ အသားရှောင်ခြင်းပြုရမည်ဖြစ်ကြောင်း၊ ဝါတွင်းတစ်လျှောက်လုံးတွင်လည်း ဝါရှောင်ခြင်းနှင့်အသားရှောင်ခြင်းများကို ပြုလုပ်ရန် ဝတ္တရားရှိကြောင်း၊ အသက်(၁၄)နှစ်ပြည့်ပြီးသော ကက်လသစ်ဘာသာသူတိုင်းသည် အသားရှောင်ရမည့်တာဝန်ရှိကြောင်း၊ အသက်(၁၈)နှစ်ပြည့်ပြီးအသက်(၅၉)နှစ်မပြည့်သေးသောသူများ အသားနှင့်ဝါရှောင်ခြင်းပြုရပါမည်ဖြစ်ကြောင်း၊ အသက်(၅၉)နှစ် တင်းတင်းပြည့်၍ အသက်(၆၀)သို့ စွန်းသူများ ဝါရှာင်ခြင်းပြုရန်မလိုသကဲ့သို့စစ်သားများနှင့်သင်္ဘောသားများသည်လည်း ဝါရှောင်ခြင်းနှင့်အသားရှောင်ခြင်းကို မပြုလုပ်ဘဲ နေနိုင်ကြောင်း၊ မည်သူမဆို ဝါရှာင်ခြင်းနှင့်အသားရှောင်ခြင်းမှ ကင်းလွတ်လိုလျှင် ကျောင်းထိုင်ဘုန်းတော်ကြီးအားဖြစ်စေ၊ အာပတ်ဖြေနားထောင်ပေးနေသော ဘုန်းတော်ကြီးအားဖြစ်စေ လျှောက်ထားကာ ခွင့်ပြုချက်ယူနိုင်ကြောင်း၊ ကက်သလစ်ဘာသာဝင်တို့သည် တစ်နှစ်ပတ်လုံး အခြားသော သောကြာနေ့များ၌ အသားရှောင်ရန်မလိုတော့သော်လည်း မိမိတို့နှင့်သင့်တော်သလို အခြားမြိုးခြံခြင်းများကိုပြုလုပ်နိုင်ကြောင်း ကာနွန်ဥပဒေ ၁၂၅၂ အရ သိရှိရသည်။

ဆက်လက်၍ကာနွန်ဥပဒေတွင် တစ်နှစ်အတွင်း ဝါရှောင်ခြင်းနှင့် အသားရှောင်ခြင်းပြုရသောရက်နှစ်ရက်တွင် တစ်နေ့လျှင်မွန်းမလွဲမီ မွန်းတည့်ခါနီး၌ ထမင်းတစ်နပ်အဝစားပြီးနောက်၊ ညနေအချိန်၌ အနည်းငယ်မျှစားသုံးနိုင်ကြောင်း (သို့)မွန်းမလွဲမီ မွန်းတည့်ခါနီး၌ အစာကိုအနည်းငယ်သာစားသုံး၍ ညနေပိုင်းတွင် ထမင်းအဝစားနိုင်ကြောင်း ကက်သလစ်သာသနာတော်က သွန်သင်ထားကြောင်း သိရှိရပါသည်။(CBCM-osc)

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ရုပ်ရှင်မင်းသား လီယိုနာဒို ဒီကပ်ပ်ရီ (Leonardo DiCaprio) အား လက်ခံတွေ့ဆုံခြင်း



၂၀၁၆ခု ဇန်နဝါရီလ (၂၈)ရက် ကြာသပတေးနေ့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ်ခန့်အပ်ထားခြင်းခံရသည့် ရုပ်ရှင်မင်းသား လီယိုနာဒိုဒီကပ်ပ်ရီ (Leonardo DiCaprio)အား လက်ခံတွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံမှုတွင် ရုပ်ရှင်သရုပ်ဆောင် လီယိုနာဒိုက ပုပ်ရဟန်းမင်းကြီးအား သူ၏ပန်းချီစာအုပ်ကို အမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ပြီး ပုပ်ရဟန်းမင်းကြီး၏ လက်စွပ်တော်ကို ရိုသေစွာနမ်းရှုံ့၍ "သူ့အားလက်ခံ တွေ့ဆုံခွင့်ပြုသည့်အတွက် ကျေးဇူးတင်ပါသည် မွန်မြတ်သော အဖ" ဟူ၍ အီတာလျံဘာသာစကားဖြင့် ပုပ်ရဟန်းမင်းကြီးအား ကျေးဇူးတင်နှုတ်ဆက် ခဲ့ကြောင်း ဗာတီကန် သတင်းမှ သိရသည်။ (ဇော်အောင်)

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် တိုဂိုသမ္မတနိုင်ငံသမ္မတ နှင့်တွေ့ဆုံခြင်း



၂၀၁၆ ဇန်နဝါရီလ (၂၈)ရက်နေ့ ကြာသပတေးနေ့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည်တိုဂိုသမ္မတနိုင်ငံသမ္မတ(Faure Essozimna Gnassingbé) နှင့် ဇနီးအားလက်ခံတွေ့ဆုံ၍ ဆွေးနွေးမှု တစ်ရပ်ပြုလုပ်ခဲ့ပြီး တိုဂိုသမ္မတနိုင်ငံတွင်းရှိ ကက်သလစ်ဘာသာဝင်များ တိုးတက်လာမှုနှင့် တိုဂိုပြည်သူများ၏ အခြေခံပညာရေးနှင့် စပ်လျဉ်းသောအရာများကို ဆွေးနွေးခဲ့ကြကာ အနောက်အာဖရိကနိုင်ငံများနှင့် ကန္တာရဖြင့် ထိစပ်သော အာဖရိကနိုင်ငံများအကြား ငြိမ်းချမ်းရေးကို အတူတကွရှေးရှုသော ပူပေါင်းလုပ်ဆောင်ချက်များနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် ဆွေးနွေးခဲ့သည်ဟုဗာတီကန်သတင်းပြန်ကြားရေးမှထုတ်ပြန်ခဲ့သည်။ (ဇော်အောင်)

## ကက်သလစ်ရဟန်းတို့၏ငယ်ဖြူဘဝ



ဗာတီကန်၏အတွင်းရေးမှူး Card. Parolin ကာဒီနယ်ပါရောလင်း

ဗာတီကန်၏အတွင်းရေးမှူးကာဒီနယ်ပါရောလင်းသည်ဂရေဂေါ်ရီးယားနားတက္ကသိုလ်တွင်၆၊၂၊၂၀၁၆နေ့ ကျင်းပပြုလုပ်သောအစည်းအဝေး၌ ကက်သလစ်ရဟန်းတို့၏ငယ်ဖြူကျင့်စဉ်အကြောင်းအဓိကမိန့်ကြားခဲ့သည်။ထိုအစည်းအဝေးတွင်၊ရဟန်းတို့၏ဂိုနည်းတော်နှင့်ပတ်သက်၍ အတိတ်၊ပစ္စုပ္ပန်၊အနာဂါတ်ကာလ သုံးပါးကို ပြန်လည်သုံးသပ်သည့် အစည်းအဝေးဖြစ်သည်။ ငယ်ဖြူဘဝသည်လိုအပ်ချက်ကြောင့်ဥပဒေတစ်ခု အဖြစ်ထည့်သွင်း ထားသော်လည်း၊ သာသနာတော်ကြီးမှ အတင်းအကြပ် စီမံထားခြင်း မဟုတ်၍ လွှတ်လပ်စွာရွေးချယ်ခွင့်ပြုထားကြောင်း၊ လာတင်းဂိုနည်းတော်ကို လိုက်သောသာသနာများ၌၊ ပိုမိုဂရုစိုက်ရန်လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဤဂိုနည်းတော်သည် ဆရာတော်များနှင့် သစ္စာသုံးပါးခံသူတော်စင်များအတွက်သာမက ရဟန်းတစ်ပါးအတွက်မရှိမဖြစ် ကျင့်ဝတ်တစ်ပါး ဖြစ်ကြောင်း၊ ငယ်ဖြူဂိုနည်းတော်ကြောင့် ခေါ်တော်မူခြင်းလမ်းစဉ်လျော့ကျလှမ်းသူများနည်းပါးကြသည်ဟုဆိုပါလျှင် ဆက်စပ်မှုရှိသည်ဟု မထင်ပါကြောင်း၊ လတ်တလောလိုအပ်ချက် တစ်ခုတည်းကိုသာကြည့်၍ အလောသုံးဆယ်မဆုံးဖြတ်စေလိုကြောင်း၊ ဧဝံဂေလိတရားကို ဟောပြောသက်သေခံခဲ့သောသူများအား ပြန်လည်ကြည့်ပါလျှင် အသွင်မတူသောဘဝပုံစံများဖြင့် ရှင်သန်ဟောကြားခဲ့သည့် အစဉ်အလာများရှိခဲ့ကြောင်း၊ ထို့ကြောင့်ငယ်ဖြူဘဝကို ဆက်လက်ထိန်းသိမ်းကျင့်ကြံခြင်းသည် ဧဝံဂေလိသတင်းကောင်းဟောကြားခြင်း၌ ပိုမိုထိရောက်စေသော အကြောင်းတရားနှင့်အတူ အကျိုးတရားများရှိမရှိ ဆိုသည်ကို ပွင့်လင်းစွာ တင်ပြဆွေးနွေးငြင်းခုန်ခွင့်ပြုထားမည် ဟုမိန့်ကြားကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ (ကိုပိုက်)

## အလှအပတရာ၏ချန်ပီယံများဖြစ်သည်



(CBCM-osc)

ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်က(၂၇၊၁၊၂၀၁၆)နေ့တွင် လူထုနှင့်တွေ့ဆုံစဉ် ဆက်ကပ်အကဖြင့်ကပြ ကြသည့်သူအဖွဲ့ကို ကျေးဇူးတင်စွာဖြင့် ပြောကြားသည်မှာ "အလှအပသည် ဂိုဘာဉ်ကိုရှင်သန်ကောင်းကျိုးပေးတယ်။သင်တို့ဟာအလှအပကိုလုံ့ဆော်နိုင်စွမ်းသူချန်ပီယံများဖြစ်တယ်၊ အလှအပကိုဖန်တီးသူများဖြစ်တယ်။ အလှအပတရားကဘုရားနဲ့နီးစေတယ်။ ဒါပေမဲ့ ဒီလိုအလှအပကို ဖန်တီးဖို့အတွက် အနောက်မှာနာရီပေါင်းများစွာလေ့ကျင့်ခဲ့ကြရတယ်။ ဒီ့အတွက် ကျေးဇူးတင်တယ်၊ ရှေ့ဆက်ကြိုးစားသွားကြပါ၊ ဆက်လုပ်ကြပါ၊ ကျေးဇူးတင်ပါတယ်" ဟုမြွက်ကြားခဲ့ကြောင်း ဗာတီကန်ရေဒီယို မှ သိရပါသည်။

## MCHAN လူသားနှင့်လိင်ပိုင်းဆိုင်ရာ နှင့်အကောင်းမြင် လူမှုဆက်ဆံရေးတည်ဆောက်ခြင်း

လူသားနှင့်လိင်ပိုင်းဆိုင်ရာ အကောင်းမြင်လူမှုဆက်ဆံရေး တည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် သင်တန်းပေးခြင်းကို CBCM-M-CHAN ရုံး၏ ဝန်ထမ်းများမှ ချင်းပြည်နယ်မင်းတပ်မြို့ရှိ စိန့်သောမတ်စ် ဘော်ဒါ ကျောင်း၌ (၂၇-၂၈)၁/၂၀၁၆ထိပြုလုပ်ခဲ့ပါသည်။သင်တန်းအချိန်များတွင် လိင်ပိုင်းဆိုင်ရာ နှုတ်ဖြင့်မေးရန်ခက်ခဲသော မေးခွန်းများကို စာရွက်များနှင့် ရေးချ၍ဖြေစေခြင်းနှင့် မေးခွန်းဖြေကြားခြင်း၊ HIV/AIDS အကြောင်း အရာနှင့် ပက်သက်၍ ကူးစက်နိုင်သောနည်း၊ မကူးစက်နိုင်သောနည်း၊ ကာ ကွယ်နည်းနှင့် အသင်းတော်၏ သွန်သင်ချက်များအကြောင်းကိုပြောကြား ခဲ့ပါသည်။

အဆိုပါသင်တန်းသို့ဒသမတန်း ကျောင်းသား/ သူစုစုပေါင်း(၉၅) ဦးတက်ရောက်ခဲ့ရာ သင်တန်းမစမီ ဗဟုသုတမေးခြင်းပြုလုပ်ရာတွင် (၅၅) ရာခိုင်နှုန်းဖြေဆိုနိုင်ခဲ့ပြီးသင်တန်းပြီးဆုံးချိန်ပြန်လည်ဆန်းစစ် မေးခွန်း ဖြေဆိုရာ၌(၁၀၀)ရာခိုင်နှုန်း ဖြေဆိုနိုင်ခဲ့ကြောင်း သိရပါသည်။ သင်တန်းသား/သူများမှလည်း ၎င်းပညာရပ်သည် သူတို့အတွက် အသစ်အဆန်းဖြစ်ကြောင်းနှင့် ဒီလိုသင်တန်းမျိုးတက်ရန်အခွင့်အရေးရဖို့ခက်ခဲ့ပါတယ်နောက်ထပ်လည်း လာရောက်ပြုလုပ်ပေးစေချင်ပါတယ်”ဟု တောင်းဆိုခဲ့ ကြောင်းသိရ၍ မိမိတို့ရွာဒေသသို့ပြန်ရောက်သွားလျှင် သူငယ်ချင်းများကိုပြောပြ ပေးချင်သည် ဟုပြောခဲ့ကြကြောင်းကိုလည်း သိရပါ သည်။

သင်တန်းပို့ချပေးခဲ့သူညွှန်ကြားရေးမှူး မဂျူလီယာမှလည်း "ကျောင်းသား/သူ များဘက်ကမေးသည့် ခန္ဓာဗေဒဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးအကြောင်းအရာများ၊ လူမှုဆက်ဆံရေးကောင်းမွန်အောင်မည်သို့တည်ဆောက်ရမည်နည်းစသဖြင့် သိလိုသည့် လိုအပ်ချက်အကြောင်းအရာ အချက်အလက်များကို ကောင်းမွန်စွာလေ့လာလို သည်ကိုတွေ့ရတယ်” ဟုပြောပြခဲ့သည့်အပြင်ထိုဒေသတွင်သင်တန်းပေးသည့်သူများ၊အဖွဲ့အစည်းများမရှိသလောက်နည်းပါးသည့်အတွက်ကျောင်းသား၊ ကျောင်းသူများဘက်က လိုလိုလားလားရှိကြောင်းကိုလည်း ပြောပြခဲ့ပါသည်။ (CBCM-osc)

## KMSS တစ်နိုင်ငံလုံးဆိုင်ရာ ကရုဏာ၏ ဘဏ္ဍာရေးမူဝါဒစတင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်

(KMSS)ကရုဏာရုံးမှဖန်နဂါရီလတွင်ကျင်းပသောဆရာတော်ကြီးများ၏အစည်းအဝေး၌မူဝါဒ သုံးခုတင်ပြခဲ့ရာတွင်အားလုံးအတည် ပြု ခြင်းခံခဲ့ရပြီး ထိုသုံးခုထဲမှ တစ်ခုဖြစ်သော တစ်နိုင်ငံလုံးဆိုင်ရာ ကရုဏာ၏ ဘဏ္ဍာရေးမူဝါဒ စတင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွေ့ဆုံခြင်းကို(၁-၂)၊၂၊၂၀၁၆ ထိ ၂၉၂(A)ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ရှိ ကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ သာသနာ့အသီးသီးမှ directors, program managers, Finances, Program coordinatorsများ စုစုပေါင်း(၅၅) ဦး ပါဝင်တက် ရောက်ခဲ့သည်။

အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ ဘဏ္ဍာရေးမူဝါဒ ကို ဗာတီကန် မှ တဆင့်( KMSS ) Karitas Confederation တစ်ခုလုံး၏ Financial transformation of financial change နှင့်ပက်သက်ပြီး ဘဏ္ဍာရေး မူဝါဒ၏အရေးပါပုံကို ဗာဒီကန် အဆင့်၊ နိုင်ငံတကာ ကရုဏာအဆင့်၊ မြန်မာနိုင်ငံ သာသနာအဆင့်ဆင့်များတွင် အရေးကြီး ကြောင်းသိစေချင်သောရည်ရွယ်ချက်နှင့် ထိုမူဝါဒ ကိုလက်တွေ့ကျင့်သုံးရန် ဖိတ်ခေါ်ရာတွင် အကြမ်းဖျင်းအားဖြင့် သာသနာ(၇)ခုမှ လက်တွေ့ ကျင့်သုံး မည်ဟုပြောကြားခဲ့ကြောင်းသိရပါသည်။

ဘဏ္ဍာရေးမူဝါဒနှင့်ပက်သက်၍ ကောင်းစွာသိရှိစေရန် အသင်းတော်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုအကြောင်းကို ကောင်းစွာနားလည်ကာ သာမန်ဘာသာတူသာသနာပြုခြင်းအဖြစ်အမှုတော်ထမ်း ဆောင်သော(၃၇) နှစ်ရှိပြီဖြစ်သည့် နယ်သာလန်နိုင်ငံမှ Mr.Frank Boomer ကိုဖိတ်ခေါ်ခဲ့ ပါသည်။ ၎င်းမှ Pope Francis မှဦးဆောင်၍လုပ်ဆောင်နေသော ဘဏ္ဍာရေးအပြောင်းအလဲ၊ စီမံခန့်ခွဲမှုအပြောင်းလဲခြင်းများရှင်းပြခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဘဏ္ဍာရေးစီမံကိန်းကို(KMSS)တွင်ဖြစ်နေသောအရာများနှင့်ကိုက်ညီရန် မည်သို့အသုံးပြုကြမည်ကို နောက်မကျစေရန်တင်ပြဆွေးနွေးခဲ့ကြောင်းသိရပါသည်။ ၎င်း မူဝါဒကိုကျင့်သုံးခြင်းဖြင့် ငွေရေးကြေးရေးစီမံခန့်ခွဲမှုကို ကောင်းကောင်းမွန်မွန်ဖြင့်ခန့်ခွဲနိုင်၍ပွင့်လင်း မြင်သာမှုရှိပြီး တာဝန်ယူမှု တာဝန်ခံမှုပိုမိုကောင်းမွန်နိုင်စေရန်၊ ထိုသို့အသုံးပြုမှုသာလျှင်ဘုရားသခင်ဖန်ဆင်းထားသောအရာများကို တာဝန်သိမှုတာဝန်ခံမှုဖြင့် သုံးဆွဲရာကျစေရန်၊ ယုံကြည်မှုဖြင့်ပိုက်ဆံအပ်နှံသော အလှူရှင်များနှင့်ပိုက်ဆံသုံးရန်ရည်ရွယ်ထားသောဆင်းရဲသားများအတွက်ဖြစ်စေရန်တာဝန်ခံမှု၊ စီမံခန့်ခွဲမှုမကောင်းလျှင်ဆင်းရဲသားများအပေါ် တာဝန်ကျေနိုင်မည်မဟုတ်၍မူဝါဒရှိခြင်းဖြင့်ကောင်းမွန်စွာထမ်းဆောင်နိုင်ရန်မျှော်လင့် ကြောင်း ကရုဏာဒါရိုက်တာ ဒေါက်တာဦးဝင်းထွန်းကြည်မှ ပြောပြခဲ့ပါသည်။ (ရှို့စ်CBCM-osc)

### ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ သတင်းလွှာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်များ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်း များကို အချိန်မှီ ပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံ CBCMကော်မရှင်အသီးသီး၊ သာသနာအသီးသီး၊ သူတော်စင်ဂိုဏ်းအသီးသီး တို့သည် နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ (တစ်လတွင်နှစ်ခါ) အထူးသဖြင့်online ဖြင့်ပေးပို့ရန်၊
- အာရှသမ္မာတရား လေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက် အကူဖြစ်စေရန်၊

### သတင်းလွှာထုတ်ဝေခြင်း၏ဖွဲ့စည်းပုံ

| | |
|---|---|
| - ထုတ်ဝေသူ။ | ။ စီဘီစီအမ် အိုအက်စ်စီ |
| - အယ်ဒီတာ။ | ။ လူမှုဆက်သွယ်ရေးတာဝန်ခံ၊ မြစ်မခ မီဒီယာ |
| - အတိုင်ပင်ခံများ။ | ။ CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင်၊ ကက်သလစ် ရှေ့နေများ အဖွဲ့၊ |
| - အဖွဲ့ဝင်များ။ | ။သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ လူမှုဆက်သွယ်ရေး တာဝန်ခံများ၊ |








CBCM Bible

ကော်မရှင်

## သမ္မာကျမ်းစာဦးဆောင်သူများသင်တန်း(လွိုင်ကော်)

ဆပ်ဖြေခြင်းသီလရှင်များအတွက် သမ္မာကျမ်းစာဦးဆောင်သူ သင်တန်းကို လွိုင်ကော်သာသနာ ဒေါင်န်ခါးနယ်ရှိ ဆပ်ဖြေခြင်း သီလရှင်များ၏ (Retreat Centre)၌(၂၉.၁.၂၀၁၆)မှ (၂.၂.၂၀၁၆)ထိ ပြုလုပ်ခဲ့ပါသည်။၎င်းသင်တန်းကိုFr.Bosco စောလားထူး၊ Fr.Mauriceညွှန့်ဝေ၊ Sr.Ester ၊ Sr.Theresaတို့မှပို့ချပေးခဲ့ပါသည်။ သင်တန်းသည် အခြေခံ သမ္မာကျမ်းစာသင်တန်းတက်ပြီး၍ နောက်ထပ်တစ်ဆင့်တက်ရသည့်သင်တန်းဖြစ်ပြီးထိုသင်တန်းတွင် ကက်သလစ်အသင်းတော်၌သမ္မာကျမ်းစာဖတ်ရှုခြင်းနောက်ခံသမိုင်း၊ သင်ဘယ်သူလည်း၊ လူမှုဆက်သွယ်ရေးနှင့်ပက်သက်၍အလ္ဘာဆင့်ဆင့်အမျိုးမျိုးနှင့် အတားအဆီးများ၊ အသင်းတော်၏ သမိုင်းနှင့် ခေါင်းဆောင်မှုအရည်အချင်းများ၊ သမ္မာကျမ်းစာ ကမ္ဘာန်းထောက်ရှုခြင်း၊ သမ္မာကျမ်းစာပလ္လင်တင် ထောက်ရှုခြင်း နည်းလမ်းသစ်များနှင့် သမ္မာကျမ်း စာဝေမျှခြင်း စသည့်အကြောင်းများကို ပို့ချခဲ့ကြောင်း သိရပါသည်။

သင်တန်းတက်ရောက်သောစစ္စတာရ်များမှ၎င်းသင်တန်းတက်ရောက်ခွင့်ရသည့်အတွက်ဂမ်းသာပျော်ရွှင်၍လက်တွေ့အသုံးချကြမည်ဟု သံမိဌာန်ချခဲ့ကြောင်းကိုလည်းသိရပါသည်။

ဆက်လက်၍သင်တန်းပို့ချပေးခဲ့သူ Fr.Bosco စောလားထူးမှ သင်တန်းပေးရသည်မှာပင်ပန်းသော်လည်း တက်ရောက်သည့် သူများကစိတ်ဝင်စားပြီးလိုလိုလားလားရှိခြင်းကြောင့်ပင်ပန်းရကျိုးနပ်၍ ပျော်ရွှင်ကြောင်းပြောပြခဲ့ပါသည်။ သင်တန်းသို့ဆပ်ဖြေခြင်း သီလရှင် (၅၈) ပါး တက်ရောက်ခဲ့ကြောင်းသိရပါသည်။

## သမ္မာကျမ်းစာအခြေခံ၍ဘုရားစကားသင်ကြားခြင်း ဆရာဖြစ်သင်တန်း(လွိုင်ကော်)

သမ္မာကျမ်းစာအခြေခံ၍ဘုရားစကားသင်ကြားခြင်းဆရာဖြစ်သင်တန်းကိုလွိုင်ကော်သာသနာ ဒေါင်န်ခါးနယ်ရှိ ဆပ်ဖြေခြင်းသီလရှင်များ၏ (Retreat Centre) ၌ (၃-၇/၂/၂၀၁၆)ထိပြုလုပ်ခဲ့ပါသည်။ ၎င်းသင် တန်းတွင်ကလေးများကို ဘုရားစကားသင်ကြားရာ၌ရုပ်ရှင်များ၊ ဘုရားစကားတွင်ကလေးသူငယ်များကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခြင်းဖြင့် ကလေးများသည်ဘုရားစကားကိုပိုမိုစိတ်ဝင်စားလာခြင်းစသည့်နည်းလမ်းများကိုအသုံးပြုခြင်းတို့ကိုပို့ချခဲ့ပါသည်။ထိုသို့ပို့ချခြင်းဖြင့်ဆရာ၊ဆရာမများအတွက်ခက်ခဲပင်ပန်းသော်လည်း ကလေးများအတွက် အကျိုးများစွာရှိကြောင်း သိရပါသည်။

ဖာသာရ် Bosco မှသမ္မာကျမ်းစာအခြေခံပြီး ဘုရားစကားသင်ကြားခြင်နည်းမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသမ္မာကျမ်းစာတမန်တော်လုပ်ငန်းများစတင်၍ ကိုယ်ပိုင်နည်းလမ်းသစ်များ နှင့်တည်ထွင်ပြီး ဘုရားစကားသင်ကြားသောနည်းလမ်းဖြစ်ပြီး သမ္မာကျမ်းစာတမန်တော်လုပ်ငန်းကို စစ္စတာရ်တာမီဆားဘဲရွှန်းမှ အစပြုခဲ့၍ ဖာသာရ်ဘောစကိုစောလားထူးမှ ဆက်လက်ထိန်းသိမ်းကာ ဘုရားစကားသင်တန်းများပြုလုပ်ပေးခဲ့ရာအောင်မြင်ခဲ့ကြောင်းနှင့်မြန်မာတစ်နိုင်ငံလုံးတွင် ထိုသင်တန်းပြုလုပ်ပေးခဲ့သည်မှာ(၈)ကြိမ်(၉)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်းသိရပါသည်။

ထိုသင်တန်းကို Fr.Bosco စောလားထူး၊ Sr.Ester၊ Sr.Theresa တို့မှပို့ချပေးခဲ့ပြီး သင်တန်းတက်ရောက်ခဲ့သော စစ္စတာရ်များမှအားရဝမ်းမြောက်၍ ပျော်ရွှင်ကြကြောင်းသိရပါသည်။ ၎င်းသင်တန်းသို့လည်းဆပ်ဖြေခြင်းသီလရှင်(၅၈)ပါးတက်ရောက်ခဲ့ကြောင်းသိရသည်။

JP ကော်မရှင်

## မြစ်ကြီးနား (JP Commission) ၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင်၏ စီမံကိန်းရေးစွဲအကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း ကိုမြစ်ကြီးနားမြို့၊ St.Columban Cathedral ရှိ သာသနာ့ခန်းမဆောင်၌ (၅-၆/၂/၂၀၁၆)ထိပြုလုပ်ခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲကို မြစ်ကြီးနားဆရာတော်ကြီးဖရန်စစ်ဒေါ်တန်နှင့်ဖာသာရ်ဗင်းဆင့်(JP director) မြစ်ကြီးနားတို့မှ ဦးဆောင်ပြုလုပ်ခဲ့ပြီး နိုင်ငံလုံးဆိုင်ရာရုံးမှ ဖာသာရ်အမားနှင့် ဖာသာရ်သောမတ်စ်တို့မှ ပံ့ပိုးကူညီပေးခဲ့ပါသည်။ ဖာသာရ်အမားမှလည်း မြစ်ကြီးနားသာသနာ၌ လူမှုရေးနှင့်တမန်တော်လုပ်ငန်းကဏ္ဍ(၂)ခုစလုံးတွင် အချက်ကျကျလှုပ်ရှားရာ၌ (Justice) တရားမျှတမှု ကဏ္ဍသည်အရေးကြီးကြောင်းတင်ပြသွား ပါသည်။

ဆွေးနွေးပွဲတွင် အဓိကအားဖြင့်ကဏ္ဍ(၃)ခုဖြစ်သော (၁) မြစ်ကြီးနားရှိကချင်လူမျိုးများ၏အခြေအနေ idendity ၊ (၂) သဘာဝသယံဇာတ (natural resources)၊ (၃) ရိုးရာနှင့်အစဉ်အလာ culture and tradition စသည့်ကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို အတည်ပြုရေးဆွဲနိုင် ခဲ့ပါသည်။ ဆက်လက်၍ (၇.၂.၂၀၁၆) နေ့တွင် ကချင် Civil Society network အဖွဲ့များနှင့်လည်း အသွင်ကူးပြောင်းခြင်းဆိုင်ရာတရားမျှတမှု (transitional Justice and peace) အကြောင်းများကိုဆွေးနွေးခဲ့ကြရာ အဓိကအားဖြင့် အသွင်ကူးပြောင်းခြင်းဆိုင်ရာတရားမျှတမှုဆိုသည်မှာ မည်သို့သောအရာဖြစ်ကြောင်းနှင့်ငြိမ်းချမ်းရေးညီလာခံတွင်အရပ်ဘက်အဖွဲ့များမှ (transitional Justice and peace) ခေါင်းစဉ်နှင့် ပက်သက်၍ပါဝင်မှုနှင့် အရေးကြီးသော အခန်းကဏ္ဍတို့ကို အဓိကထားဆွေးနွေး ဖလှယ်ညှိနှိုင်းနိုင်ခဲ့သည် များနှင့်ပက်သက်သည့် အကြောင်းများကို အဓိက ဆွေးနွေးခဲ့ ကြောင်း CBCM-JP တာဝန်ခံ ဖာသာရ်သောမတ်စ်ထံမှသိရပါသည်။ (CBCM-osc)

# နိုင်ငံတကာဆိုင်ရာ လူကုန်ကူးမှုဆန့်ကျင်ရေးအတွက် ဆုတောင်းခြင်းနှင့် အသိပညာပေးအပ်သောနေ့

**MC Maht**



(ဖေဖော်ဝါရီ)လ(၈)ရက်နေ့လူကုန်ကူးခံရသူများကိုးစားရာသူတော်စင်စိန်ဂျိုးစဖင်းဘာကီးတာ၏ပွဲနေ့တွင်နိုင်ငံတကာဆိုင်ရာလူကုန်ကူးမှုဆန့်ကျင်ရေးအတွက်ဆုတောင်းခြင်းနှင့်အသိပညာပေးအပ်သောနေ့ အဖြစ်ကျင်းပကြောင်းသိရသည်။ ဂျိုးစဖင်းသည် (၁၈၆၉) ခုနှစ်တွင် မွေးဖွားကာ မသမာသူများက ပြန်ပြေးဆွဲ၍ အဆင့်ဆင့် ရောင်းစားခံခဲ့ရသည် သာမက ခန္ဓာနှင့်အကျင့် တရားဆိုင်ရာ စော်ကားခြင်းများစွာခံခဲ့ကြောင်း၊ဆူဒန်နိုင်ငံ ကျွန်တစ်ယောက်အဖြစ်မှလွတ်မြောက်လာ၍ ကာနိုးရှင်း (Canossian)ကက်သလစ်သီလရှင်တစ်ပါး ဖြစ်လာခဲ့၍ (၁၉၄၇) ခုနှစ်တွင် ပျံလွန်ခဲ့ကြောင်း၊သူမကို(၂၀၀၀)ခုနှစ်တွင် သူတော်မြတ်အဖြစ် တင်မြှောက်ခံရကြောင်းသိရသည်။ ဤနေ့ရက်ကိုရဟန်းမင်းကြီးရုံးတော်ဆိုင်ရာ ရွှေ့ပြောင်းသူများကြည့်ရှုစောင့်ရှောက်ရေး ကော်မရှင်နှင့်တရားမျှတခြင်းနှင့်ငြိမ်းချမ်းရေးကော်မရှင်တို့၏ ဦးဆောင်မှုဖြင့် ၂၀၁၄ ခုနှစ် မှ စတင်ကျင်းပခြင်းဖြစ်ကြောင်း ခရီးသွားလာရေးနှင့် ရွှေ့ပြောင်း သွားလာရေး ကော်မရှင် ရုံးမှသိရသည်။

ဖေဖော်ဝါရီ (၁ မှ ၅ ထိ၂၀၁၆) နေ့တွင်ကျင်းပပြုလုပ်သောမွမ်းမံသင်တန်းသည် ရန်ကုန်လူကုန်ကူး ဒုရဲမှူးမှ လူကုန်ကူးခံရသော လူများအတွက် ကာကွယ်ပေးခြင်း နှင့်လူကုန်ကူးမှုပြုသူများ ဖမ်းဆီးအရေးယူဆောင်ရွက်မှုအပိုင်း၊ KMSS ဆရာနီကောလပ်စ်မှ အမှုဖြစ်ရပ်စီမံကိန်းအတွက် ဖြစ်ရပ်စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သောဆောင်ရန်၊ ရှောင်ရန်များ၊ World Vision မြန်မာမှပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ပါက ရွှေ့ပြောင်းအလုပ်သမားများအတွက်ရင်ဆိုင်ကြုံတွေ့နိုင်မည့် ပြဿနာများ နှင့် တာဝန်ဝတ္တရားများအကြောင်းရှင်းပြပြီး လိုအပ်သောသတင်းအချက်အလက်များ၊စာရွက်စာတမ်းများကိုပေးခဲ့သည်။

KMSSရုံးချုပ်မှ ဆရာမဒေါ်မေရီခင်က ကျေးလက်လူထုပူးပေါင်းပါဝင်အကဲဖြတ်ခြင်း၏ အခြေခံသဘောတရားများအကြောင်း သိကောင်းစရာများကို သာသနာ့ ကရုဏာ ဝန်ထမ်းများဖြစ်ကြသော တောင်ကြီး၊ ဖယ်ခုံ၊တောင်ငူ၊ပုသိမ်၊မော်လမြိုင်နှင့်ဖားအံတို့မှ မိမိတို့၏လုပ်ငန်းခွင်တွင် ကြုံတွေ့နေရသောအရာများအားလုံးကို ပြန်လည်တင်ပြခြင်း အစီအစဉ်၊ ရှေ့လုပ်ငန်းစဉ်များအတွက် ကြိုတင်ရေးဆွဲခြင်းစသည်တို့ကို ဆွေးနွေးကြသည်။ အထက်ပါဖော်ပြထားသည့် သာသနာများမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်စီစဉ်နေသောလူငယ်များအား သက်ဆိုင်ရာနိုင်ငံအလိုက် ဆောင်ရန်၊ရှောင်ရန်များကို ကြိုတင်လေ့လာရန် လုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းနှင့်လူကုန်ကူးခြင်း မခံရလေအောင်မိမိ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများသိရှိရန်၊ သတင်းအချက်အလက်များယူရန်ဌာန (Information Resource Center) ကိုထားရှိရန် စီစဉ်ခဲ့ကြသည်။

လူကုန်ကူးခံရသူများနှင့်ပတ်သက်သောအချက်အလက်များကို ပိုမိုသိရှိနိုင်ရန်ကက်သလစ်ဆရာတော်ကြီးများရုံးတော်ဆိုင်ရာခရီးသွားလာရေးနှင့်ရွှေ့ပြောင်းသွားလာရေးကော်မရှင်ရုံး (mcmahtnetwork@gmail.com) သို့ လည်းကောင်း၊ ဖုန်း (၀၉ ၇၉၉ ၆၄၉ ၄၂၆)သို့ လည်းကောင်း ဆက်သွယ်နိုင်ပါကြောင်းသိရသည် ။ **(MCMAHT Net)**

## ဘားအံသာသနာ

မွန်ပြည်နယ်၊သထုံမြို့နယ်၊ဘုရင်ဂျီကုန်းကျေးရွာစိန်ဂျိုးဇက် ကက်သလစ်ဘုရားရှိခိုးကျောင်းတွင် ဖေဖော်ဝါရီလ (၈) ရက် ၂၀၁၆ နံနက် ၈း၃၀ မှ စတင်ကာ လူကုန်ကူးခံနေရသောသူများနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်သူများအတွက် သတိရဆုတောင်းပေးခြင်းနှင့် ဟောပြောပွဲကို ကျင်းပရာ Fr. (၄)ပါး၊Sister(၁)ပါး၊ဖိတ်ကြားထားသောနယ်အသီးသီးမှ စောင့်ကြည့်ရေး အဖွဲ့ဝင် (၅၀) ကျော် တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် လူကုန်ကူးခံနေရသော သူများနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ရသောသူများအတွက် ဆုတောင်းပေးခြင်းဖြင့်စတင်ကာ ဘားအံကရုဏာရုံး၏စီမံရေးရာမန်နေဂျာဒေါ်ထရေဇာမုဝါတွင်းဦးဆောင်မှုအကြောင်းကိုတက်ရောက်လာသောသူများအား ဝေငှခဲ့ပါသည်။ "ဒီလိုအမြင်ဖွင့် ဟောပြောပွဲများများလုပ်ပေးနိုင်ရင် သူတို့ပိုသိလာတယ်၊သိပြီးတဲ့အခါ အခြားသူတွေကိုလည်းပြန်စုပြီး ဝေငှနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့သူတို့နေရာတွေမှာ ဒီလိုမျိုးဖြစ်ပျက်နေတာတွေရှိတယ်၊ သူတို့ဘယ်လိုကူညီရမှန်းမသိကြဘူး၊သူတို့ကိုကူညီပေးချင်တာတောင်မှ မကူညီနိုင်ဘူးဖြစ်နေတယ်၊ဒါကြောင့်ဒီလိုအမြင်ဖွင့်ဟောပြောပွဲများကိုမကြာခဏလုပ်ပေးနိုင်ရင် ရွာသူရွာသားတွေအတွက် အကျိုးများများရှိပါတယ်" ဟု ဘားအံ ကရုဏာ ဒါရိုက်တာFr. Paulမှသုံးသပ်ပြောဆိုခဲ့သည် ။

"ဒီလိုအမြင်ဖွင့်ဟောပြောပွဲကို လုပ်ပေးတဲ့အတွက်အရမ်းသဘောကျတယ် ဒီလိုဟောပြောပွဲမျိုးလျစ်လျူမရှုသင့်ဘူး၊ လုပ်သင့်တယ်၊ တစ်ဦးတစ်ယောက်က ဦးဆောင်ပြီးစလုပ်မယ်ဆိုရင် လူအများပါဝင်လာပြီး အများအတွက်ကာကွယ်ပေးနိုင်မယ်၊ အများအတွက်အသုံးဝင်လာတာပေါ့" ဟု စောင့်ကြည့်ရေးအဖွဲ့ဝင်မစန်းဦး(ဝင်းပ)မှအကြံပြုပြောဆိုသွားခဲ့သည်။

ဟောပြောပွဲတွင်အပြန်အလှန် အတွေ့အကြုံများဖလှယ်ကာ (၁၁)နာရီတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်သူများနှင့်ပက်သက်သော ရုပ်ရှင်ကို ပြသပြီး ၁၂း၃၀ နာရီတွင် နေ့လည်စာ စားသောက်ကာ မိမိတို့၏နေရပ်သို့ပြန်လည် ထွက်ခွါ သွားကြကြောင်း၊ ထိုကဲ့သို့အမြင်ဖွင့် ဟောပြောပွဲမျိုးကို စက်တင်ဘာလ (၁၃) ရက်နေ့ ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ်ပြုလုပ်ခဲ့ကြောင်း သိရ ပါသည်။ **(Hpaan- osc)**

## မော်လမြိုင်သာသနာ

လူကုန်ကူးခံနေရသောညီအစ်ကိုမောင်နှမများအတွက် အထူးဆုတောင်းပေးအပ်သောနေ့ အစီအစဉ်ကိုမွန်မြတ်သောအိမ်ထောင်စု ဘုရားကျောင်း၊ အထက်လမ်းမကြီး၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့ ဘုရားကျောင်းဝင်းရှိ ဓမ္မာရုံခန်းမ၌(၇.၁.၂၀၁၆)ရက်နေ့မနက်(၈း၃၀ မှ ၉း၁၅)နာရီ အထိကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင်ပါဝင်ဦးဆောင်သူများမှာမော်လမြိုင်ကရုဏာအဖွဲ့ များဖြစ်ကြပြီးဆရာဆလိုင်းဘော်စကိုမှလူကုန်ကူးမှုတားဆီးရေးပညာပေးရှင်းလင်းပို့ချပေးပါသည်။ ဟောပြောပွဲ၏ ရည်ရွယ်ချက်မှာလူကုန်ကူးခံနေရသောညီအစ်ကိုမောင်နှမများအတွက် အထူးသတိရဆုတောင်းပေးခြင်းဖြစ်သည်။ ထိုအခမ်းအနားသို့ တက်ရောက်သောသူများမှာ မော်လမြိုင်ကရုဏာ ဒါရိုက်တာ ဖာသာရ်ဂျိုးဇက်ကြည်ဝင်း၊ ကျောင်းထိုင်ဘုန်းတော်ကြီး ဂျွန်ကျော်ကျော်နိုင်၊ စစ္စတာရ်ဇလီဘက်၊ ဘာသာသူအားလုံး စုစုပေါင်း (၇၀)ယောက်တက်ခဲ့ပါသည်။ **(MLM-osc)**





# မေတ္တာစက်ဝိုင်းကွန်ဆိုတီယမ်

မေတ္တာစက်ဝိုင်းကွန်ဆိုတီယမ်အဖွဲ့မှ ဦးဆောင်၍မတူကွဲပြားသောယုံကြည် မှုများအကြား သဟဇာတဖြစ်ရေးရက်သတ္တပတ်ကို ရန်ကုန် Part Royal Hotelတွင် (၆) ရက်(ဖေဖေါ်ဝါရီ)လ(၂၀၁၆)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ မေတ္တာစက်ဝိုင်းကွန်ဆိုတီယမ်အဖွဲ့ကြီးသည် မြန်မာပြည်တွင်းရှိ ကွဲပြားစုံလင်သော ယုံကြည်မှုများ၊ ယဉ်ကျေးမှုများနှင့် ပေါင်းစုံသည့် အဖွဲ့များ ဖြင့် ပေါင်းစုထားသောအင်အားစုတစ်ခုဖြစ်ပါသည်။




အဖွဲ့၏ရည်ရွယ်ချက်မှာကွဲပြားစုံလင်သော ကိုးကွယ်ယုံကြည်မှုများအကြား သဟဇာတဖြစ်မှုအတွက်ငြိမ်းချမ်းတည်ငြိမ်သော အခြေအနေတစ်ခု အဖြစ်တိုင်းပြည်တည်ဆောက်ရေး(National Building)တွင်ကူညီဆောင်ရွက်ရန်ဖြစ်ပါသည်။ ပါဝင်သည့်အဖွဲ့များမှာသက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ဦးဆောင်အခန်းကဏ္ဍမှကြိုးပမ်းဆောင်ရွက်နေသည့်အဖွဲ့များဖြစ်သည်။

မြန်မာနိုင်ငံတော်ကြီးသည် ကိုးကွယ်ယုံကြည်မှုများစုံလင်သော တိုင်းပြည်ဖြစ်ပြီး၊ ယုံကြည်တွေးခေါ်မှုများ မတူညီမှုကိုလက်ခံထားသည့် တိုင်းပြည်ဖြစ်သည်ကို ပြန်လည်ဖော်ထုတ်ရန်ဖြစ်သည်။ မတူညီမှုများသည် တိုင်းပြည်အတွက်ဆိုးရွားသောခြိမ်းခြောက်မှု၊ ခြောက်လန့်မှု၊ ပြဿနာများ မဟုတ်သကဲ့သို့မတူညီမှုများ၊ကွဲပြားမှုများသည်စုံလင်မှုများသာဖြစ်သည်။ တိုင်းပြည်အတွက်ခွန်အားများဖြစ်၍စုပေါင်းဆောင်ရွက်မည်ဆိုလျှင်ကြီးမားသည့် အင်အားဖြစ်ပြီး တိုင်းပြည်သာယာဝပြောမည်။

ထို့ကြောင့်မေတ္တာစက်ဝိုင်း စုပေါင်းအဖွဲ့ကို ဆယ်ဖွဲ့မှ အစချီပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ၎င်းဆယ်ဖွဲ့တွင်ဘာသာစုံ၊ လူမျိုးစုံပါဝင်၍ နောက်ခံယဉ်ကျေးမှုအစုံပါဝင်သည့်အဖွဲ့နှင့် ပေါင်းစုပြီးနောက် ဗဟုဂါဒကိုအားပေးရန် သဟဇာတဖြစ်သည့် ကိုးကွယ်ယုံကြည်မှုများအကြား သဟဇာတ ဖြစ်မှုကို အားပေးရန်နှင့်၎င်းအတွေးအခေါ်များကို လူထုကြားထဲ၌ ပို၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်ပြီး သာယာဝပြောသည့်ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု အမှန်တကယ်ပေါ်ပေါက်လာနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂမှ World Interfaith Harmony Week ဟုဆို၍ ဖေဖေါ်ဝါရီလ ပထမအပတ်ကိုသတ်မှတ်ထားခြင်းဖြစ်ပါသည်။ (၂၀၁၀) ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ဒုတိယမြောက် ဂျော်ဒန်ဘုရင် အဘ်ဒူလာ (King Abdullah II of Jordan)က နယူးယောက်မြို့ရှိကမ္ဘာ့



ကုလသမဂ္ဂအဖွဲ့ကြီး၏(၆၅) ကြိမ်မြောက် အထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးကြီးတွင်မတူကွဲပြားသောယုံကြည်မှုများအကြား သဟဇာတဖြစ်ရေးရက်သတ္တပတ်ကို သတ်မှတ်ပေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပြီး ကမ္ဘာတွင်ကျင့်သုံးကြပါသည်။ ဂျော်ဒန်ဘုရင်၏ မိန့်ခွန်းတွင်

၁။ မတူညီသော ဘာသာတရားများကို သက်ဝင်ယုံကြည်သူများအကြားတွင်နားလည်မှုလွဲမှားစေသော၊ယုံမှားသံသယဖြစ်စေသော၊ ခွဲခြားမှုကိုဖြစ်ပေါ်စေသောတွန်းအားစုများ ကိုမဖြစ်မနေတွန်းလှန်ရန်မှာ အလွန်တရာမှ အရေးကြီးလှပါကြောင်း၊

၂။ ကမ္ဘာ့နေရာဒေသအနှံ့အပြားရှိလူသားများသည်အပြန်အလှန်ဆက်နွယ်ပက်သက်နေသည်သာမက တစ်ဦးကိုတစ်ဦး မေတ္တာထားရန်နှင့် ဘုရားအား ချစ်မြတ်နိုးရန် တာဝန်ရှိကြသူများဖြစ်ကြောင်း၊

၃။ ဤထူးခြားသောရက်သတ္တပတ်၌ ကမ္ဘာ့လူသားတိုင်းကမိမိတို့၏ ဝတ်ပြုကိုးကွယ်ရာ နေရာတိုင်းတွင် မိမိတို့၏ ဘာသာတရားများက သွန်သင်သောသည်းခံခြင်း၊ သူတစ်ပါးအပေါ် လေးစားရိုသေမှုပြုခြင်းနှင့် ငြိမ်းချမ်းမှုများအကြောင်း ဖော်ပြသွန်သင်ကြရန် စသည်တို့ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတိုးမြှင့်ကောင်းမွန်စေရန် အတွက် တူညီသော အနာဂတ်မျှော်မှန်းချက်နှင့်ချမှတ်ထားသော ဦးတည်ချက်များအတိုင်း ပုံပိုးပုံဖော်ရန် မေတ္တာစက်ဝိုင်းစုပေါင်းအဖွဲ့အား (၂၀၁၄ခုနှစ်၊ ဇူလိုင်လ (၅) ရက်စွဲဖြင့် အရပ်ဘက်လူမှုရေးမိတ်ဖက်အဖွဲ့အစည်း(၁၀)ဖွဲ့ သဘောတူမေတ္တာစက်ဝိုင်းရပ်ဂန်းထဲတွင်ပါဝင်သည့်အဖွဲ့များမှာ (၁)ကလျာဏမိတ္တာဖောင်ဒေးရှင်း၊ လက်မှတ်ရေးထိုးဖွဲ့စည်းခြင်းဖြစ်သည်။ (၂)ဂျက်ဆင်သုတေသနစင်တာ၊ (၃) Interfaith Youth Cooperative Action for Peace ( IYCAP-Shalom)၊ (၄) Myittar Resource Foundation (MRF)၊(၅)Interfaith Youth Cooperate on Aid in Myanmar (IYCA-Myanmar)၊ (၆)မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်ကော်မရှင်၊ (၇)မြန်မာနိုင်ငံတက္ကသိုလ် ခရစ်ယာန်လုပ်ငန်း၊ ဗိတိအပြိုး၊ (၈)ပညာရေးနှင့်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ (၉)ဆွေသဟာလူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့်(၁၀)မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီတို့ဖြစ်ကြောင်းမေတ္တာစက်ဝိုင်း စာစောင်မှသိရပါသည်။ (Fr. Leo Mang)

**CBCM Herald စာစောင်ကိုလ၏ (၁၅)နှင့် (၃၀) ရက်နေ့တို့တွင်ထုတ်ဝေသည်။ တစ်စောင်ကို (၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင် (၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့်အားပေးနိုင်ပါပြီ။**

# သူတော်စင်များနှစ်ပိတ်ပွဲ

## ရန်ကုန် ဂိုဏ်းချုပ်သာသနာ

ရန်ကုန်ဂိုဏ်းချုပ်သာသနာတစ်ခုလုံးဆိုင်ရာသူတော်စင်များဂျူဘီလီနှစ်ပိတ်ပွဲကိုပုသိမ်ဂိုဏ်းအုပ်သာသနာစိန်ပီတယ်ကာသီဒြယ်ဘုရားကျောင်းတွင် ဖေဖော်ဝါရီ(၂)ရက်နေ့၌ကျင်းပခဲ့သည်။ မစ္ဆားတရားတော်မြတ်ကို ကာဒီနယ်ချားစ်ဘိုမှဦးဆောင်ကာ ဆရာတော်ဂျွန်ဆိန်းဟို၊ ဆရာတော် ဂျက်စတင်းစောမင်းသိုက်(ဘားအံ)၊ ဆရာတော်အလက်ဇန်းဒါး ပြိုးချို(ပြည်)၊ ဆရာတော်စောယောဟန်တို့ ဦးဆောင်ကာဘုန်းတော်ကြီး(၆၀)ပါး၊ ရန်ကုန်ဂိုဏ်းချုပ်သာသနာတစ်ပှမ်းမှသူတော်စဉ်ပေါင်း(၂၀၀)၊ အနယ်နယ်အရပ်ရပ်မှ ဘာသာဝင် ပေါင်း(၂၅၀)ခန့်ပါဝင်ပူဇော်ခဲ့ကြပါသည်။ကာဒီနယ်ချားစ်ဘို၏ဩဝါဒတွင်" သူတော်စင်များသည် သာသနာ အတွက်အရေးကြီးကြောင်း၊ သူတော်စင်များမရှိလျှင်သာသနာလည်းရှိနိုင်မည် မဟုတ်ကြောင်း၊ သူတော်စင်များသည် ပြုံးရွှင်သောမျက်နှာဖြင့် ပျော်ရွှင်စွာ နေထိုင်ကြရန်လိုကြောင်း၊ ကိုယ်တော်မြတ်စက္ကရမင်တူးကို ဗဟိုပြုထားပြီး သဒ္ဓါကြည်ညိုမှု ရှိကြရမည်ဖြစ်ကြောင်း" မိန့်ကြားခဲ့သည်။

မစ္ဆားတရားတော် ပူဇော်ချိန်တွင် သာသာနာ (၅) ခုမှ မစ္ဆားတရားပူဇော်ခြင်း၏ ရည်ရွယ်ချက်ကိုပူဇော်ခဲ့ကြသည်။ ရန်ကုန်သာသနာ အတွက် အသက်ရှင်သောသစ်ပင်ကို ပူဇော်ခဲ့ပါသည်။ ဤအသက်ရှင်သော အပင်သည် မျိုးစေ့တစ်စေ့သည်မြေပေါ်ကျပြီးသေကျေပျက်စီးပြီးမှ လှပစွာအသစ်တစ်ဖန်ရှင်သန်လာသကဲ့သို့ မိမိတို့၏အတ္တနှင့် ဆန္ဒများကို ခဝါချလျက် အများအတွက်အသက်ရှင်ရန်ဘဝကို ရွေးချယ်ထားသောသူတော်စင် တစ်ဦးစီကို ကိုယ်စား ပြုပါသည်"ဟု ဆိုသည်။

မော်လမြိုင်သာသနာကို ကိုယ်စားပြုသည့် "ရွက်လှေ" ငယ်သည် ပင်လယ်ပြင်တွင် တခါတရံမုန်တိုင်းနှင့်တွေ့ကြုံ ရသလို သူတော်စင်များ၏ ဘဝသက်တာတွင်လည်း အစဉ်အမြဲမချောမွေ့ပေ၊ အခက်အခဲများကို ကြုံဆုံလာတက် ကြုံလာသည့်ဒုက္ခများကိုရင်ဆိုင်ရင်း သာသနာပြုနိုင်ကြရန် အတွက် ရည်ရွယ်ကာပူဇော်ခဲ့သည်။

ဘားအံသာသနာမှ "ကရင်အမျိုးသားအလံနှင့်ကျွဲချို" ကိုပူဇော်ကာ ကရင်ပြည်နယ်ရှိ ယုံကြည်သူများကို ဘုရားသခင်၏နှုတ်ကပတ်တော် သတင်းကောင်း ဖြန့်ဝေပြောကြားရာတွင် ကျွဲချိုမှုတ်သံကဲ့သို့ ကြေငြာခဲ့ပြီး ကျွဲချိုသည် ဘုရားကျောင်းတိုင်းတွင်ထားရှိသောခေါင်းလောင်းကဲ့သို့ အဓိပ္ပါယ်သက်ရောက်သည်ဟု ပူဇော်ပေးခဲ့ပါသည်။

ပုသိမ်သာသနာမှ"ပုသိမ်ထီး"ကိုပူဇော်ဆက်သရခြင်းမှာ ပုသိမ်ထီးကိုပင်မရိုးတံကြီးတစ်ခုထဲမရိုးတံငယ်များဖြင့်စုစည်းညီညာစွာလှလှပပခြယ်မှုန်းထားသကဲ့သို့ဘုရားသခင်၏အမှုတော်ကို ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် သာသနာ(၃၅)ခုအတွင်းအမှုတော်ထမ်းဆောင်နေကြသော ရဟန်းသူတော်စင်များသည် ယုံကြည်သူဘာသာဝင်များ၏ ဝိဉာဉ်ရေး ရာသာမက ဘာသာပေါင်းစုံ စည်းလုံးပေါင်းစည်း ညီညွတ်ရေးများကို လည်း လုပ်ဆောင်ခြင်းဖြစ်သည်။

ပြည်သာသနာမှ သာသနာနယ်မြေ၏ သမိုင်းဝင်"စဥ္စအိုး"ကို ပူဇော်သည်။ "ပြည်" သည်ရှေ့ဟောင်းမြို့တော်တစ်ခုအဖြစ် ထွန်းကား ခဲ့သည်။ ယဉ်ကျေးမှုအနှစ်သာရသည် ဘုရားသခင်၏ လက်ရာဖြစ်ကြောင်း ယဉ်ကျေးမှုအထိမ်းအမှတ်အဖြစ်"စဥ္စအိုး"ကိုကိုယ်တော်လက်သို့အပ်နှံကာ ပူဇော်ခဲ့သည်။

ဆက်လက်၍ ၁၀း၀၀ နာရီတွင် ဆရာတော်များနှင့် သူတော်စင်များ စိန်ပီတာကာသီဒြယ်ဘုရားကျောင်းတွင်စုဝေးကာ ဩဝါဒ နာယူခြင်းနှင့်စုပေါင်းအစည်းအဝေးပြုလုပ်ခဲ့ကြသည်။ သစ္စာသုံးပါး အခြေတည်သောပို့ချချက်များနှင့် ဂိုဏ်း၏အခြေနေမှန်များကိုဆွေးနွေးခဲ့ကြသည်။ဆွေးနွေးပွဲတွင် ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ သုံးပါးသစ္စာခံ သူတော်စင်များ (၁၇၀) ခန့်တက်ရောက်သည်။ နေ့လည်ပိုင်းတွင်သူတော်စင်များစုဝေးကာ အချင်းချင်းချစ်ကြည်ရင်းနှီးစွာ စုပေါင်း ကစားခဲ့ကြသည်။ ညပိုင်းတွင် ဖျော်ဖြေ ရေးနှင့် အကပဒေသာများဖြင့် ပျော်ရွှင်စွာ အစီအစဉ်များကိုအဆုံးသတ်ခဲ့ကြသည်။

**(Pathein-OSC)**

## မန္တလေးဂိုဏ်းချုပ်သာသနာ

မန္တလေးမြို့ ၈၂နှင့်၅၉လမ်းကြားရှိ ရွှေနှလုံးတော် ကာသီဒြယ်ဘုရားရှိခိုးကျောင်းတွင် ၂၂၂၀၁၆ ရက်နေ့ နံနက် (၉း၀၀ မှ ၃း၀၀)နာရီထိ သူတော်စင်များနှစ် ပိတ်ပွဲနှင့် သူတော်စင်များအတွက် သနာကြင်နာခြင်း ဂျူဗလီနှစ် ဖွင့်ပွဲကိုပြုလုပ်ခဲ့ကြပါသည်။ ပွဲတော်သို့ မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီးနီကောလာစ်မန်ထန်းဘုန်းတော်ကြီး များ၊ ကိုရင်များ၊ သီလရှင်များ (၁၂၀)ပါး ကျော်ပါဝင်တက်ရောက်ခဲ့ ကြပါသည်။ နံနက် (၉း၀၀)နာရီတွင် ဆရာတော်ကြီးနီကောလာစ် မန်ထန်းမှအဖွင့်စကားပြောကြားခဲ့ပါသည်။ ထို့နောက်ခန်းမဆောင်တွင် သူတော်စင်များနှစ်ပိတ်ခြင်း နှင့်သနားကြင်နာခြင်း ဂျူဘီလီဖွင့်ပွဲပြုလုပ်ခြင်း၊ အဲဒီနောက် Wake the World သီချင်းကိုအားလုံးအတူတကွသီဆိုခြင်း၊ ကချင်တိုင်းရင်းသူလေးများမှဘုရားသခင်ကို ဆက်ကပ်အပ်နှံထားသော သူတော်စင်များအားဂုဏ်ပြုအကဖြင့်ကပြဂုဏ်ပြုခြင်း၊သူတော်စင်များအချင်းချင်းသူတော်စင်များနှစ်အတွင်း ခံစားခဲ့ရသည့်ကျေးဇူးများကို အဖွဲ့လိုက်ဝေမျှခြင်း၊ ကိုယ်စီဆီမီးများ ကိုင်ဆောင်ကာဘုရားကျောင်းအတွင်းသို့ဝင်ရောက်ခြင်းအစီစဉ်ပြုလုပ်ခဲ့ကြပါသည်။



ဆီမီးများကိုင်ဆောင်ကာ ဘုရားကျောင်းတွင်းသို့ ဝင်ရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ မိမိ၏ဆီမီးကိုသယ်ဆောင်ပြီး မည့်သည့် နေရာမှ မည့်သည့်နေရာသို့ သယ်ဆောင်သွားကြမည်နည်း၊ လူအများကိုကူညီပြီး ဘုရားသခင်၏ နိုင်ငံကို ဦးတည်လျှောက်လှမ်းမည်ဟူသောခံစားချက်ကို နှလုံးသွင်းကာ ဆီမီးကိုကိုင်ဆောင်လျက် ဘုရားကျောင်းထဲသို့ဝင်ရောက်ကြမည်ဖြစ်သည်"ဟုဆလေးရှင်းသီလရှင်Sr.ဖြူဖြူကရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် မစ္ဆားတရားတွင် မန္တလေးကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလာစ်မန်ထန်းမှဩဝါဒတရား ရေအေးတိုက်ကျွေးရာတွင် "သူတော်စင်တွေဟာမန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာကို ဘယ်လိုလုပ်ပြီး အများကြားမှာပေါ်လွင်အောင် လုပ်ဆောင်ကြလဲဆိုတာပြန်စဉ်းစားကြရမယ့်အချက်တွေအများကြီးရှိပါတယ်။ခရစ်တော်ရဲ့ဘဝကိုပုခုံးလွှဲဖို့ တာဝန် အသီးသီးယူကြရမှာဖြစ်တယ်၊ Religiousတွေဟာ၊ **the light of the World** ဖြစ်တယ်၊ တစ်ခြားအသိုင်းအဝိုင်းမှာ ဘယ်နည်းနဲ့အလင်းကိုပြကြမှာလဲ၊ မြန်မာ့ယဉ်ကျေးမှုဆိုတာကတော့ရှိနေမှာပါပဲ၊ ဒါကြောင့်တိုင်းရင်းသားများကတော်တော်လေ့လာဖို့လိုတယ်၊ ယဉ်ကျေးမှုကို လေးစားရမယ်၊ ယဉ်ကျေးမှုကို မသိပဲဘာမှလုပ်လို့မရဘူး၊ တစ်ဦးစီတစ်ဦးစီက ထိထိရောက်ရောက် လုပ်ဆောင်ဖို့ စိန်ခေါ်မှုတွေ အများကြီးရှိတယ်၊ ဩကာသလောကကြီးကို ဘာနဲ့ဖွဲ့စည်းထားလဲ သိဖို့လိုတယ်၊ မြေကြီးနဲ့ သခင်ယေဇူးဘယ်လိုဆက်စပ်မှုရှိလဲ၊ မြေကြီးကိုလူတွေကဖျက်စီး နေကြတယ်၊ ရေကိုလူတွေက အဆိပ်ခတ်နေကြတယ်၊လေထုကိုညစ်ညမ်း အောင်လုပ်နေကြတယ်။ Religious တွေက ဒါကို ဘယ်လိုတုန့်ပြန်ကြမလဲ၊ ဘုရားသခင်ရဲ့ဘုန်းဂုဏ်တော်ကိုအမြဲ ဖော်ပြနေရမယ်၊ Religious became the light of Myanmar. ဒါကြောင့်ရေ၊ မြေ၊ လေကိုသနားပါဆိုပြီးသနားကြင်နာခြင်းဂျူဘီလီနှစ်မှာ ဘုရားသခင်ထံ တောင်းလျှောက်ကြပါစို့"ဟုမြွတ်ကြားတော်မူခဲ့ပါသည်။**Pinky (MDY OSC)**

# မန္တလေးသာသနာလုံးဆိုင်ရာ လူငယ်အားကစားပြိုင်ပွဲကျင်းပခြင်းသတင်း



မန္တလေးသာသနာလုံးဆိုင်ရာလူငယ်အားကစားပြိုင်ပွဲကို(၂၃-၂၄.၁.၂၀၁၆) ရက်နေ့ထိ မန္တလေးမြို့ ၃၅ လမ်း၊ ၆၉ လမ်းထောင့်ရှိ စိန်သောမတ်စ် ရဟန်းဖြစ်သင်ကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အားကစားပြိုင်ပွဲကို မန္တလေးသာသနာအတွင်းရှိဖုံ အသီးသီးမှ လူငယ်အဖွဲ့ (၈)ဖွဲ့၊ မန္တလေးကရုဏာ၊world visionအဖွဲ့၊ ကရင်နှစ်ချင်းအဖွဲ့၊ ကျောင်းသားဟောင်းများအဖွဲ့၊ စိန်သောမတ်စ်ကျောင်းသားအဖွဲ့ ဘုန်းတော်ကြီးများ အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

အမျိုးသားဘောလုံးပြိုင်ပွဲ၊ခြင်းခတ်ပြိုင်ပွဲ၊အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတို့ကိုယှဉ်ပြိုင်ကစားခဲ့ကြပါသည်။ စုစုပေါင်းအသင်း (၁၄) သင်း ယှဉ်ပြိုင် ကစားခဲ့ကြရာ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုကို စိန်သောမတ်စ်ကျောင်းသား၊ဒုတိယဆုကိုရွာတော်လူငယ်အဖွဲ့၊ တတိယဆုကို ရွှေဘိုလူငယ်တို့က အသီးသီးရရှိခဲ့ကြပါသည်။

အမျိုးသားလူငယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော စိန်သောမတ်စ်ကျောင်းသား ကိုဖြိုးဝေထွန်းမှ"ကျွန်တော်တို့စိန်သောမတ်စ် ကျောင်းသား တွေ ဘောလုံးပွဲမှာ ပထမဆုရတဲ့ခံစားချက်က အရမ်းပျော်ပါတယ်။ မန္တလေးသာသနာမှနယ်များစွာကလာကြမယ့်ဘောလုံးသမားတွေဆိုတော့ ပထမဆုရလိမ့်မယ်လို့မထင်ထားခဲ့ပါဘူး။ ကျွန်တော်တို့ကျောင်းသားတွေက အသက်လည်း အရမ်းငယ်တယ် ပြိုင်ပွဲနဲ့ပတ်သက်ပြီး အတွေ့အကြုံလည်းနည်းပါတယ်။ ဒါကြောင့်အရမ်းပျော်ပါတယ်" ဟု ပြောပြခဲ့ ပါ သည်။

ခြင်းခတ်ပြိုင်ပွဲတွင် အသင်း(၆)သင်း ယှဉ်ပြိုင် ကစားခဲ့ကြရာ ပထမဆုကိုမေဂွန်လူငယ်၊ဒုတိယဆုကိုကရုဏာအဖွဲ့တို့ကရရှိခဲ့ကြပါသည် ပထမဆုရရှိသွားသောမေဂွန်လူငယ်အဖွဲ့မှကိုကျော်စွာထွန်းက"ပထမဆုရတော့ပျော်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျင်းပပေးစေချင် ပါတယ်။ လူငယ်တွေလည်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်ခွင့် ရခဲ့ပါတယ်။တစ်ယောက်နဲ့တစ်ယောက်ကစားတဲ့အခါဆုရချင်တဲ့စိတ်နှင့်ပဲ ကစားခဲ့ပါတယ်။ ပြိုင်ပွဲအတွေ့အကြုံလည်းမရှိဘူးတော့ ဗိုလ်လုပွဲနှင့် မန္တလေးသာသနာလုံးဆိုင်ရာဗဟိုလူငယ်အဖွဲ့မှအစ်ကို၊အစ်မများတက်ရတဲ့အခါရင်ခုန်ခဲ့ပါတယ်။ အခုလိုပွဲကျင်းပပေးသော ဘုန်းတော်ကြီး အားလုံးကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်" ဟုပြောပြခဲ့ပါသည်။

အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် St.Joseph လဖုန်း၊ St.Michael သံဂင်း၊ St.Xaier၊ မန္တလေးသာသနာလုံးဆိုင်ရာ မေဂွန်တို့မှ (၂)ယောက်တစ်ဖွဲ့လူငယ်အမျိုးသမီးများပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။ ပြိုင်ပွဲတွင် St.Michael သံဂင်းမှပထမဆု၊ မန္တလေးကက်သလစ် သာသနာလုံးဆိုင်ရာ ဗဟိုလူငယ်အဖွဲ့မှ ဒုတိယဆုကို ရရှိခဲ့ပါသည်။

"မန္တလေးသာသနာအတွင်းရှိလူငယ်အားကစားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များတစ်ဦးနှင့်တစ်ဦးနားလည်မှုနှင့် စည်းလုံးညီညွတ်မှု ရစေရန်၊ မန္တလေးသာသနာအတွင်းမှာ ရှိကြသောလူငယ်များ ရင်းနှီးချစ်ခင်မှုရရှိစေရန် အနာဂတ်သာသနာကို လှပစွာပုံဖော်နိုင်ဖို့ရန်အတွက်အခုလိုအားကစားပွဲတော်ကို ကျင်းပရခြင်းဖြစ်တယ်" လို့ မန္တလေးသာသနာလုံးဆိုင်ရာ လူငယ်ဥက္ကဌ ကိုမီနူးမှ ပြောပြခဲ့ပါသည်။

**ပင်ကီ(၂၅-၁-၂၀၁၆)**

# ရန်ကုန်ကက်သလစ် ရဟန်းဖြစ် တက္ကသိုလ် ခရစ်ယာန်များ တွေ့ဆုံနှီးနှောဖလှယ်ခြင်း

ရန်ကုန်ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်၌၃၀၊၁၊၂၀၁၆ရက်နေ့တွင် Christian Fellowship အစီအစဉ်ကိုကျင်းပခဲ့သည်။ ထိုတွေ့ဆုံပွဲ၌ Catholic Major Seminary (CMS) မှရဟန်းလောင်း ကိုရင် များ၊ Myanmar Institute of Theology (MIT) နှင့် Holy Cross Theological College(HCTC)မှသင်တန်းသား၊သင်တန်းသူများတက်ရောက်ခဲ့ကြသည်။ ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်မှကျောင်းအုပ်ဘုန်းတော်ကြီးအောင်ဝင်းမှအဖွင့်အမှာစကားပြောကြား၍ Fr.စိန်လှိုင်ဦးမှ အသင်းတော် အသီးသီး မြန်မာနိုင်ငံသို့ မည်သို့၊ မည်ပုံ ရောက်ရှိလာကြောင်း သမိုင်း အကျဉ်းချုပ် ပြောကြားခဲ့ သည်။



ထို့နောက်Fr.Hubertမျိုးသန့်ဦးမှလောကကြီးကိုထိန်းသိမ်းမှုတာဝန်ယူရန်၊ လောကကိုအလှဆင်၍ ခရစ်ယာန်ညီအစ်ကိုမောင်နှမ အားလုံးသည် အသိ ပညာပေးပြီးသာသနာပြုတတ်စေဖို့ ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်၏ စာချွန်တော်ဖြစ်သောLaudato Si ကိုအခြေခံ၍ ဝေမျှခဲ့ခြင်းဖြစ်သည်။ HCTC မှ ဒုတိယနှစ်ကျောင်းသားဖုန်းကျော်မြင့်မှ climate change အကြောင်းကို ဘုရား၏မူလရည်ရွယ်ချက်နှင့်အညီ ဖြစ်တည်ရေးအတွက် ဝေငှပေးသွားသည်။ MIT မှ ဒုတိယနှစ်ကျောင်းသား Abednego မှ Ecology နှင့် enriromental ethics အကြောင်းတင်ပြ ဆွေးနွေးခဲ့သည့် အနှစ်ချုပ်မှာ eco mission in God’s creation.

အစီအစဉ်တွင် အဖွဲ့လိုက်ဓာတ်ပုံရိုက်ကူးခြင်း၊ နေ့လယ်စာအတူတကွ သုံးဆောင်ခြင်း၊ Socail gathering game များကစားခြင်း၊ အတူတကွ ဂတ်ပြုဆုတောင်းခြင်းစသည့်အစီအစဉ်များဖြင့် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်မှ တတိယနှစ်နှင့် နောက်ဆုံးနှစ်ကိုရင်ကြီးများ၊ MIT မှကျောင်းသားကျောင်းသူများနှင့် HCTC မှကျောင်းသားကျောင်းသူများစုစုပေါင်း ၂၇၅ ယောက်တက်ရောက်ကြသည်။ HTCT မှ ၈ ယောက်ပါဝင်သည်။ MIT မှ (၁၄၄) ယောက်ပါဝင်သည်။ **ရေဒီ (MDY OSC)**

## အိမ်တော်သစ်ကောင်းချီးပေးခြင်း



ဧပြီလ၊ ၁၂ ရက်၊ ၂၀၁၅ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်ဖရန်စစ်၏ ခွင့်ပြုချက်ဖြင့်အနားယူသွားသော တောင်ကြီး ဂိုဏ်းချုပ်ဆရာတော်မာတီးယာဦးရွှေသည် ကောင်းမွန်ငြိမ်းချမ်းစွာ တရားကျင့်ကြံအားထုတ်နိုင်ရေးအတွက်ရည်စူး၍တောင်ကြီးဂိုဏ်းချုပ်သာသနာ၊ ကွန်ဟိန်းတိုက်နယ်တွင်းရှိ သိန်းဖျံ မယ်တော်ဂူ၌ ကျိူးင်းတုံသာသနာပိုင်၊ မိုင်းပျဉ်းတိုက်နယ်နေ ဦးယားပါ-ဒေါ်ဆီအုပ်မိသားစု၊ မိုင်းဆတ်တိုက် နယ် နေဦးရှိုးမွန်-ဒေါ်အက်စတာမိသားစုနှင့် ရန်ကုန်သာသနာမှဒေါ်အာနားရူး မိသားစုတို့မှ စုပေါင်းလှူဒါန်းကာ ဆောက်လုပ်ထားသော နေအိမ်တစ်ဆောင်ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဆရာတော်ကြီးမာတီးယာဦးရွှေ(ငြိမ်း)မှ ကောင်း ကြီးပေးဖွင့်လှစ်ခဲ့ပါသည်။

ကောင်းကြီးပေးခြင်းအခမ်းအနားတွင် ဆရာတော်ကြီး မာတီးယာ ဦးရွှေ(ငြိမ်း) အမှူးပြု၍ ရဟန်းတော် (၄) ပါး၊ သီလရှင် (၇)ပါး၊ ကျိူးင်းတုံ သာသနာပိုင်၊ မိုင်းပျဉ်းတိုက်နယ်မှ ဘာသာသူဦးရေ (၈၀)ဦး နှင့် ဒေသခံ ဘာသာသူဦးရေ (၃၀) ဦးခန့် တက် ရောက်အား ပေး ချီး မြှင့် ခဲ့သည်။

ထိုနေရာဒေသသည် တောင်ကြီးဂိုဏ်းချုပ်သာသနာ၏ ဘုရားဖူးရာ ဗဟိုဌါနဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုအားနည်းနေသေးသောလားဟူလူမျိုးများ နေထိုင်ရာနေရာလည်းဖြစ်သည်။ထို့အပြင်တောင်ကြီးဂိုဏ်းချုပ် သာသနာဘုရားဖူးပွဲဖြစ်သော ဇုဗိလီလမ်းပြမယ်တော်၏ပွဲတော် နှင့် (Little Way Missionary Institute) အသင်းဂိုဏ်းမှ ကိုရင်ကြီး (၄) ပါးတို့၏ ရဟန်း သိက္ခာခံယူခြင်း အခမ်းအနားကိုလည်း လာမည့် ဧပြီလ ၄-၆ ရက်နေ့များတွင် ထိုနေရာ၌ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ် ကြောင်း သတင်း ရရှိပါသည်။ (TGI-osc)

## ဇုဗိလီ စေတမန် သင်တန်းဖွင့်လှစ်မည်

ဇုဗိလီစေတမန်သင်တန်းအမှတ်စဉ်(၂၉)ကို ၂၉.၂.၂၀၁၆ မှ ၂၉.၃.၂၀၁၆ ရက်နေ့ထိ ရှမ်းပြည်နယ်တောင်ပိုင်း မိုးပြဲမြို့ရှိ စေတမန်ဗဟိုကျောင်း၌ကျင်းပမည်ဖြစ်ကြောင်းသိရပါသည်။၎င်းသင်တန်းတွင်ဘုရားစကား၊ အခြေခံသမ္မာကျမ်းစာ၊ မြူးစစ်၊ဆေးပညာ၊ အခြေခံပညာသင်ရိုးတန်၊ ကိုယ်ကျင့်တရား၊အသင်းတော်ရာဇဂင်နှင့်စေတမန်လမ်းညွှန်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး အသင်းတော်အတွက် (၁)နှစ်ဖြစ်စေ၊(၂) နှစ် ဖြစ်စေ၊ (၃) နှစ်ဖြစ်စေဆက်ကပ်ပါဝင်လိုသူများကိုလည်း လှိုက်လှဲစွာ ဖိတ် ခေါ်ထားပါသည်။ အသေးစိတ်သိရှိလိုသူများအနေနှင့် Sr.မော်နီကားဖုန်း(၀၉၂၅၄၃၀၇၆၁၈) သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းကိုလည်းသိရသည်။

## အာရှနည်း/ဟန်ယဉ်ကျေးမှုဖြင့် သာသနာပြုခြင်းASIPA

ကျိူးင်းတုံ ဂိုဏ်းအုပ်သာသနာ၊ ကျိူးင်းတုံ မြို့တွင် အာရှနည်း/ဟန် ယဉ်ကျေးမှုဖြင့် သစ်လွင်သောသာသနာပြု (ASIPA) ကို ဇန်နဂါရီလ ၂၅ ရက်မှ၂၉ ရက်အထိ ကက်သလစ်သာသနာပြုခန်းမဆောင်တွင် ကျင်းပ ခဲ့ပါသည်။သင်တန်းကို သမ္မာကျမ်းစာပလ္လင်တင် ဂါရဝပြုခြင်းဖြင့် အစပြု ဖွင့်လှစ်၍ ကျိူးင်းတုံဂိုဏ်းအုပ် ဆရာတော်ကြီး ပီတာလွီးစ်မှ ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားခဲ့ပါသည်။ ၎င်းသင်တန်းသို့ အားပေးရန် ကြွရောက်လာသော ဟားခါးသာသနာမှဂိုဏ်းအုပ်ဆရာတော် လွီးစီ နှင့် ဖာသာရ်လုကားစ်၊ မြစ်ကြီးနားသာသနာမှ ဖာသာရ်ဂရေဂေါ်ရီ နော်ဒိန်း၊ ဗန်းမော်သာသနာမှဖာသာရ်ဘော်စကို၊ပြည်သာသနာမှ ဖာသာရ် ပေါလိက အောင်လွင်၊လွိုင်ကော်သာသနာမှဖာသာရ်ချာလီနှင့်ဖာသာရ်အန်ထော်နီ ၊ ရန်ကုန် သာသနာမှ ဦးမြင့်မောင်နှင့် ဒေါ်ဖိလိရှယ် တို့ပါဝင်တက်ရောက်ခဲ့ပါသည်။

သင်တန်း၏ပို့ချချက်များကို ASIPA တာဝန်ခံ Ms.Bibianna နှင့် Ms.Wendy Luois တို့လာရောက်ပို့ချခဲ့ပါသည်။ ကျိူးင်းတုံဆရာတော် ပီတာလွီစ် ကျာခူ၏ မျှော်မှန်းချက် မိန့်ခွန်းစကားမှာ သာသနာပြုရာတွင် သစ်လွင်သောကိုယ့်နည်းကိုယ့်ဟန် အာရှနည်း၊အာရှဟန် ယဉ်ကျေးမှုဖြင့် သာသနာပြုရန်ဖြစ်သည်။ ယခု Mission of mercy (ကျိူးင်းတုံ) မှစတင်နေပြီဖြစ်သကဲ့သို့ထိရောက်သောနည်းလမ်းကို ဆက်လက်လုပ်ဆောင်နိုင်



ရန် ဘက်စုံဖွံ့ဖြိုးလာစေရန်တစ်ဦးစီတိုင်း တာဝန်ယူထမ်းဆောင်ကြရန် အသိပေးလိုကြောင်း၊ ကိုယ်ထူကိုယ်ထ စနစ်ကို တည်ဆောက်နိုင်ရန် ကိုယ့်ကိုယ်ကို တာဝန်ယူတတ်ရန်နှင့် တမန်တော်လုပ်ငန်းနှင့် လူမှုရေးဖွံ့ဖြိုးရေးကို လုပ်ဆောင်တိုင်း နှုတ်တော်ထွက်စကား အရေးကြီး၍ ခရစ်တော်ကိုဗဟိုပြုပြီး၊ အဖွဲ့အစည်းငယ်တိုင်းသမ္မာကျမ်းစာကိုဝေမျှ ခြင်းဖြင့် ဘက်စုံ တိုးတက်ရန် ရှာဖွေနည်းကို ASIPA သည်အထိရောက် ဆုံးဖြစ်ကြောင်းပြောကြားသွားခဲ့ပါသည်။

သင်တန်းသို့ကျိူးင်းတုံသာသနာလုံးဆိုင်ရာဘုန်းတော်ကြီးများ၊ သူတော်စင်ဂိုဏ်းအသီးသီးမှသီလရှင်များ၊ သာသနာအုပ်စုငယ်များမှ ဓမ္မဆရာများ၊ မိခင်များ၊ ဖခင်များနှင့်လူငယ်ကိုယ်စားလှယ်များ (၁၅၀) ဦး တက်ရောက် ကြပါသည်။ (Rose SdP)

************************

## စေတမန်သီလရှင်များအတွက်ခေါင်းဆောင်မှုသင်တန်း

တောင်ကြီးမြို့သစ်တောရပ်၊ စေတမန်သီလရှင်ကျောင်း၌ ၂၀၁၆ ခုနှစ်၊ ဇန်နဂါရီ(၂၅)ရက်မှ(၂၉)ရက်နေ့ထိ ဆရာစောယောဟန် (Program Coordinator, KMSS- Taunggyi)နှင့်ဆရာစောရီမွန် (Local coordinator Capacity Building Initiative (CBI), Taunggyi, Sub-Office)တို့က စေတမန်စစ္စတာရ်များအတွက်ခေါင်းဆောင်မှုသင်တန်းကိုပို့ချခဲ့ပါသည်။

ဤသင်တန်းသည် စေတမန် စစ္စတာရ်များတို့၏ ဦးစီးဦးဆောင်နိုင်သောအရည်အချင်းများနှင့်သာသနာပြုခြင်းများကိုပြန်လည်တွေးတောမြင်နိုင်ရန် သင်ခန်းစာများကို စေတနာရက်ရောစွာဖြင့် ဝေမျှခဲ့သည်။ သင်တန်း အပြီးတွင်စစ္စတာရ်များသည် အရင် နှစ်များထက်ခေါင်း ဆောင်မှုမှာပိုမို ဦးဆောင်နိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။သင်တန်းတွင်တက်ရောက်ကြသော စစ္စတာရ်(၁၅)ပါးတို့သည် အားရကျေနပ်ကြကြောင်းလည်း သိရပါ သည်။ (စစ္စတာရ် ဂျိုးစဖင်းခေ)

## လာဇလက်သီလရှင်ဂိုဏ်းအတွက်ကြယ်နှစ်ပွင့်

မြစ်ကြီးနာသာသနာ၊လာဇလက်သီလရှင်ဂိုဏ်းမှသီလရှင်(၂)ပါးဖြစ်သော စစ္စတာရ် ဂျာဆင်းတာ စန္ဒာဂင်း နှင့်စစ္စတာရ် ရိုးဇားဘောက်မိုင် တို့၏ ပထမကတိသစ္စာခံယူပွဲကို တပ်ကုန်းရပ်ကွက်ရှိ လာဇလက် သီလရှင်ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီအချိန်တွင် သစ္စာခံခြင်း မဿားတရားတော်မြတ်ကိုစတင်ခဲ့ပြီး ဘုန်းတော်ကြီး ဂမ်ထယ် လွမ်းဒေါင်မှ ကတိသစ္စာ ပေးအပ်ခဲ့သည်။ ၎င်း ကတိသစ္စာခံယူပွဲတွင် စစ္စတာရ် စန္ဒာဂင်း၏ မွေးရပ် ဇာတိဖြစ်သောပြည်သာသနာ သံတွဲမှ ဘုန်းတော်ကြီး ပေါလ်ထွန်းခိုင်နှင့် အတူဘုန်းတော်ကြီး(၁၀)ပါးလည်း တက်ရောက်ချီးမြှင့်ခဲ့ပြီး ဘာသာသူပေါင်း ၂၀၀ ခန့် တက်ရောက် ဂုဏ်ပြုခဲ့ကြသည်။

'ယခု လောလောဆယ်မှာ ကတိသစ္စာခံယူပြီးသော စစ္စတာရ်(၂)ပါးအား တာဝန်ကျရာနေရာချပေးဖို့ အစီအစဉ်မရှိသေးပါဘူး၊ ဘာကြောင့်လဲဆိုတော့ စစ္စတာရ်ကြီးတွေရဲ့ အုပ်ချုပ်မှုအောက်တွင် လေ့လာ သင်ယူရဦးမည်ဖြစ်တယ်' ဟု တာဝန်ခံ စစ္စတာရ်ကြီးခါးရော်က ပြောသည်။

စစ္စတာရ်ဘောက်မိုင်မှာဗန်းမော်သာသနာမှအဖဦးဖိလစ် အင်ခွမ် တန်ဂွန်း နှင့် (ဒေါ် ထရေဇား ဆွမ်လွတ် ဘောက်ဂျာ) တို့၏ သမီးဖြစ်ပြီး မိခင်မှာ စစ်ရှောင်ရင်း ကွယ်လွန်ခဲ့ကြောင်း သိရသည်။ စစ္စတာရ် စန္ဒာဂင်းမှာ ပြည်သာသနာမှ အဖဦးဂျော်ကင်းပြည်အောင်နှင့် ဒေါ်အာနား အောင်ပြိုင် တို့၏သမီးဖြစ်ပြီးပြည်သာသနာတာဝန်ခံဘုန်းတော်ကြီး၏လမ်းညွှန် မှုဖြင့် သီလရှင်ဖြစ်လာကြောင်းစစ္စတာရ်တစ်ပါးက ကက်သလစ်သတင်း မီဒီယာသို့ ဖြေကြားခဲ့သည်။



**စစ္စတာရ်ရိုးဇားဘောက်မိုင်**-ဒီနေ့ကျွန်မအရမ်းပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ဘုရားအမှုတော်ဆောင်ဖို့ ပထမခြေလှမ်းအနေနဲ့ အခွင့်အရေးရရှိသည့် အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ယခုလို မီဒီယာသို့ဖြေကြားခွင့်ရတဲ့ အတွက် လည်း စိတ်ကျေ နပ်မိပါတယ်။

**စစ္စတာရ်ဂျာဆင်းတာစန္ဒာဂင်း**-ယနေ့မှာကိုယ်တော်ထံမှ ကျေးဇူးတော် တစ်ထူးတစ်ခြား ခံစားရရှိလို့ ကိုယ် တော်ကို ပိုမိုကျေးဇူးတင်မိပါတယ်။ အရမ်းလည်း ဝမ်းသာမိပါတယ်။ ဆက်လက်ပြီး ဒီခရီးကို ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ဖို့ဆုတောင်းကူညီပေးကြပါလို့အားလုံးကိုတိုက်တွန်းချင်ပါတယ်။" ဟုပြောကြားခဲ့ပါသည်။

---

## ပထမသစ္စာပြုခြင်း နှင့် ရာသက်ပန် သစ္စာခံယူခြင်း၊

၂၀၁၆ ဇန်နဝါရီလ ၂၁-၂၃ ရက်များတွင် နှစ်ပတ်လည် ဒုတိယ ဝတ်စောင့်ခြင်း မတိုင်မီ Renewal Course ကို ကျင်းပပြုလုပ်ရာ Resource Persons များ အနေဖြင့် Jesuit အသင်းဂိုဏ်းမှ Fr. Simone Yi နှင့် Br. John Thomas တို့ဦးဆောင်၍ Pope Francis ၏ Encyclical Letter ဖြစ်သော "Laudato Si" " Care for our common Home" စာချွန်တော်ကို ထိရောက်စွာ နားလည်သဘောပေါက်စေရန်၊ ပြန်လည်သင့်မြတ်ကျေအေးခြင်းစကားလုံး အဓိပ္ပါယ် ဖြင့် ဝေမျှခဲ့ကြပါသည်။

သင်တန်းအပြီး ဇန်နဝါရီလ ၂၄ ရက်မှ ၃၀ ရက်အထိ နှစ်ပတ်လည် ဒုတိယအကြိမ်ဝတ်စောင့်ခြင်းကိုဆက်လက် ကျင်းပရာ မြောင်းမြ မြို့ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာဓမ္မဆရာဖြစ်သင်ကျောင်းအုပ် Fr. Albert ဉာဏ်စိုးငြိမ်းမှတရားပေးခဲ့သည်။ သီလရှင်အပါးပေါင်း (၁၇၁)ပါး ဝတ်စောင့်ကြသည်။ ဝတ်စောင့်ခြင်းနောက်ဆုံးနေ့ ၃၀-၁-၂၀၁၆၌ မရမ်းကျောင်း Novitiateတွင်Postulantတောင်းခံသူအဆင့်သို့ ၂၁ ဦး၊ Novice ပထမနှစ် သီလရှင်လောင်းအဆင့်သို့ ၈ ပါးတက်လှမ်းသည့် အခမ်းအနားကို ပုသိမ် သာသနာဂိုဏ်းအုပ် ဆရာတော်ကြီး John Mahn Hsane Hgyi မှ ဦးဆောင်ကျင်းပပေးခဲ့သည်။

၂၀၁၆ ဖေဖေါ်ဂါရီလ ၁ ရက်နေ့တွင် ပုသိမ်မြို့၊ စိန်ပီတယ် ကာသီဒြယ်ဘုရားကျောင်းတွင်၊ စိန်ဖရန်စစ် ဇေးဗီးယား သီလရှင်လောင်း (၈) ပါး ပထမ ယာယီသစ္စာပြုကြပြီး၊ သီလရှင်ငယ် (၉)ပါး တို့ ရာသက်ပန် သစ္စာပြုကြသည်။ ယင်းအခမ်းအနားတွင် ပုသိမ်ဂိုဏ်းအုပ် ဆရာတော် ဂျွန်မန်းဆိန်းဟို ထံတွင် ကတိသစ္စာပြုပြီး၊ ပြည်ဂိုဏ်းအုပ် သာသနာဆရာတော် အလက်ဇန္ဒားနှင့် ကျိုင်းတုံဂိုဏ်းအုပ်သာသနာ ဆရာတော် ပီတာလွှီး တို့ကြွရောက်ချီးမြှင့် ဆုတောင်း ပေးကြပါသည်ဟု သတင်း ရရှိပါသည်။ ဆရာတော်ကြီးဂျွန်မန်းဆိန်းဟိုမှဩဝါဒပေးရာတွင် ယနေ့ခေတ် သာသနာ ပြုနေတဲ့သူတော်စင်တွေဟာ အခြေအနေအမျိုးမျိုး၊ ဖြစ်ရပ်အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းကြရမယ်။ သူတို့ကို နတ်ဆိုးက ပုံစံအမျိုးမျိုး ဆွဲဆောင်ချိန်းခြောက်နေမယ်၊ ဒါကြောင့်ဝိညာဉ်အင်အားကိုအတိုင်းအတာတစ်ခုအထိ အနေနဲ့စုစည်းသိုလှောင်ထားရပါမယ်၊ ယနေ့ကတိ သစ္စာပြုတဲ့ စီစတာရ်များ သာသနာ့လယ်ကွင်းထဲ ရောက်တဲ့အခါမှာ စည်းကမ်း၊ အချိန်ဇယားဆိုတာမရှိတော့ဘူးဆိုတာမျိုး ရင်ဆိုင်လာရတဲ့အချိန်ကိုယ့်ကို အနီးကပ်သွန်သင်ပေးတဲ့ သူရှိချင်မှ ရှိလိမ့်မယ်။ သာသနာ့လယ်ကွင်းမှာ အကောင်းဆုံးကို မျှော်လင့်ထားရမှာဖြစ်သလို အဆိုးဆုံးအတွက်လဲ ပြင်ဆင်ထားရမယ်။ နတ်ဆိုးဟာ အသွင်အမျိုးမျိုးနဲ့ လောကမှာရှိနေတဲ့အတွက် သတိနဲ့မနေရင် အငိုက်မိတတ်တယ်။ နတ်ဆိုးကိုမိတ်ဆွေအဖြစ် မပေါင်းသင်းမိရလေအောင်ကြိုးစားနေထိုင်ရမယ်။ ကိုယ်ပြုထားတဲ့ ကတိသစ္စာသုံးပါးကို ခိုင်မာစွာကျင့်ဆောက်တည်ဖို့လိုတယ်။အကယ်၍"သခင်ယေဇူးငါ့နေရာမှာရှိခဲ့သော်" ဆိုတဲ့ စိတ်ဓာတ်မျိုးနှင့် သာသနာပြုသွားကြရမယ်" ဟု ဆရာတော်က ဩဝါဒ မြွက်ကြား အားပေးခဲ့ပါတယ်။

**စိန်ဖရန်စစ် ဇေးဗီးယား ဂိုဏ်းမှ ပထမကတိသစ္စာပြုသီလရှင်များမှာ-**

(၁) စစ္စတာရ် ဧလိဇဘက် ခင်နှင်းဝေ(ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ ပေါက်ကုန်းကျေးရွာ)၊(၂) စစ္စတာရ် အက်စတယ် ဇင်မာဦး (ပုသိမ်သာသနာ၊ကျိုတ်လတ်)၊ (၃) စစ္စတာရ် ကက်သရင်း ခိုင်ဇင်ဦး (ပုသိမ်သာနာ ရွှေကုန်း) (၄)စစ္စတာရ် ဂျူးစတီးနားသင်းသင်းဆွေ(ဇောင်းတန်းသာသနာ၊ ယင်းတော ကျေးရွာ)၊ (၅) စစ္စတာရ်ထရေးဇားကတ်န(လွိုင်ကော်သာသနာ၊ပရိုဆိုမြို့ကေသဲဒူကျေးရွာ)၊ (၆) စစ္စတာရ် ဧလိဇဘက် ခေါင်နောင်း (မြစ်ကြီးနား သာသနာ၊ မော်ဟန်စံပြကျေးရွာ)၊(၇)စစ္စတာရ်လူစီယား လုဘောင် (ဗန်းမော် သာသနာ၊ မုံခါကျေးရွာ)၊ (၈)စစ္စတာရ်မာတားမေရီသန္တာကော်နီ(ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊လက်ျားကြီးကျေးရွာ) တို့ဖြစ်ပြီး

**ရာသက်ပန်သုံးပါးကတိသစ္စာပြုသီလရှင်များမှာ-**

စစ္စတာရ် အယ်မာရိုဇား (ရန်ကုန်သာသနာ၊ သောင်စုကျေးရွာ)၊ စစ္စတာရ် ကာရိုလိုင်းနန်းတူး (လွိုင်ကော်သာသနာ၊ ဒီမောဆို၊ မြောင်းအောက်ရပ်ကွက်) စစ္စတာရ် ဘက်နန်းဒက် ပရီဂျား (မြစ်ကြီးနားသာသနာ၊ ဥဗျစ်ရွာ) ၊ စစ္စတာရ် ပေါလု ဇာခြည်ဂင်း (ဖယ်ခုံသာသနာ၊ မိုးပြဲ) စစ္စတာရ် ရိုစီ မီမီ (ရန်ကုန်ဂိုဏ်းချုပ် သာသနာ၊ ကျည်စုရွာ) ၊ စစ္စတာရ် အာနားဇာဗေရီလင်း(တောင်ကြီးသာသနာ၊ကလောရပ်ကွက်(၃)၊စစ္စတာရ်မေရီပြုံးပုသိမ်သာသနာ၊ ပျဉ်တောင်ကျေးရွာ)၊ စစ္စတာရ် ဧလိဇဘက် တင်တင်ထွေး (ပုသိမ်သာသနာ၊ မန်ကျည်းကုန်းကျေးရွာ)၊စစ္စတာရ်ဂေါ်ရက်တီတင်မိုးလှိုင် (ကျိုင်းတုံးသာသနာ၊ ဟိုနောင်ဆင်ရွာ) တို့ ဖြစ်ကြပါသည်။ (Sr. Anna Aung Sfx))

# ဆင်းရဲနွမ်းပါးမှု အဆုံးသတ်စေရန် ကမ္ဘာနှင့် အဂန်းလုပ်ဆောင်သင့်ကြောင်းကာဒီနယ်မြွက်ကြားခြင်း



ဖိလစ်ပိုင်နိုင်ငံ၊ဆီဘူးမြို့တွင်ကျင်းပပြုလုပ်ခဲ့သော(၅၁)ကြိမ်မြောက် နိုင်ငံတကာကိုယ်တော်မြတ်ပွဲတော်နေ့တွင်ကာဒီနယ်ချားလ်စ်ဘိုမှ "ကမ္ဘာ ကြီးဘာလို့ဆင်းရဲသလဲဆိုတာကျွန်ုပ်တို့မှာသယံဇာတမရှိလို့မဟုတ်။ပေးကမ်းစွန့်ကြဲမှုနည်းခြင်းကြောင့်သာဖြစ်သည်။"ဟုဒီကန်ရေဒီယိုသို့လည်း "ဆင်းရဲနွမ်းပါးမှုပပျောက်ဖို့ရန် ကမ္ဘာနဲ့တစ်ပုမ်းဆောင်ရွက်သင့်တယ် လို့ထပ်မံမြွက်ကြားခဲ့ပါသည်။အယူဂါဒတိုင်း၊အသင်းတော်တိုင်း၊နိုင်ငံတိုင်းနှင့်အစိုရတိုင်းမှာလည်း ဆင်းရဲသားများကိုတူညီတဲ့စနစ်တစ်ခုထားရှိသင့်ကြောင်း မြန်မာနိုင်ငံဟာစစ်အစိုးရရဲ့လက်အောက်မှာနှစ်(၅၀)တိုင် ဆင်းရဲစွာနေထိုင်ခဲ့ရတယ်။ပြီးခဲ့တဲ့နိုဂင်ဘာလတုန်းကဒေါ်အောင်ဆန်းစုကြည် အနိုင်ရလို့နိုင်ငံတော်ကိုမနစ်နာစေလို၍ အစိုးရနှင့်နိုင်ငံရေးရာအကူးအပြောင်းကိုငြိမ်းချမ်းစွာပြုလုပ်နိုင်အောင်သဘောထားကြီးစွာဖြင့်(အစိုးရနဲ့) တိုင်ပင်ညှိနှိုင်းလျက် ရှိနေပါတယ်။ အနှစ်(၅၀)တိုင်နေရာရထားတဲ့စစ်အစိုးရကအာဏာကို လွှဲပြောင်းပေးဖို့ခက်ခဲနေပေမဲ့ ငြိမ်းချမ်းတဲ့နိုင်ငံရေး အကူးအပြောင်းတစ်ခုရရှိဖို့ကျွန်ုပ်တို့အများကြီးကြိုးစားရပ့်ါမယ် "ဟု ဗာတီကန်ရေဒီယို နှင့်တွေ့ဆုံမေးမြန်းခြင်းတွင်မြွက်ကြားခဲ့သည်။(CBCM-osc)

## သူတော်စင်ဘောင်သို့ခေါ်တော်မူခြင်းပွဲ

သူတော်စင်ဘောင်သို့ ခေါ်တော်မူခြင်းပွဲနေ့ကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ စိန့်ဂျိုးဇက်ရဟန်းဖြစ်တက္ကသိုလ်ကျောင်း၌ (၆.၂.၂၀၁၆)(စနေနေ့)တွင် မစ္ဆားတရားတော်မြတ်ဖြင့် စတင်၍ ကျင်းပခဲ့ပါသည်။





မစ္ဆားတရားတော်မြတ်ကို ရန်ကုန်ဂိုဏ်းချုပ်သာသနာ၏ လက်ထောက်ဆရာတော်ကြီး John Saw Yawhan မှ ဦးဆောင် ပူဇော်ကာ၊ ပြည်ဂိုဏ်းအုပ်ဆရာတော်ကြီး Alexandra ဦးပြုံးချိုမှ ခရစ်တော်၏ တရားဒေသနာတော်ကို မြွက်ကြားခဲ့ပါသည်။ ဆရာတော်ကြီး Alexandra ဦးပြုံးချိုမှ "သူတော်စင်ဘောင်သို့ဝင်လို၍ ကြိုးစားအားထုတ်နေသူအများအပြားရှိသော်လည်း သာသနာ့လယ်ကွင်း၌ မြေသြဇာကောင်းသော မြေပေါ်သို့ ကျရောက်သော မျိုးစေ့ကောင်းပမာ အသီးတစ်ရာသီးနိုင်သောသူနည်းပါးလှကြောင်း၊ ရိတ်သိမ်းစရာများစွာ ရှိသော်လည်း ရိတ်သိမ်းသောသူနည်းပါး၏ ဟူသော ကျမ်းစကားကို ကိုးစားလျက် အမှန်တကယ်ဆပ်ကပ်ပူဇော်လိုသောသူများလိုအပ်နေကြောင်း "တရားရေအေးတိုက်ကျွေးခဲ့ပါသည်။

မစ္ဆားတရားတော်မြတ်ပြီးနောက် ဤရဟန်းဖြစ်သင်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့ပြီးသော ရဟန်းတော်များ၊ ဦးပဥ္စင်းကြီးများကို ကျောင်းအုပ်ဘုန်းတော်ကြီး Fr. Cyprian Aung Win မှ "Pontifical Urbaniana University"မှ ဘွဲ့လက်မှတ်များကို ဂုဏ်ပြုချီးမြင့်ခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် သာသနာ (Parish) အသီးသီးမှ သက်ထွေးများ၊ လူငယ်မောင်မယ်တို့သည် အကများ၊ သီချင်းများဖြင့် တင်ဆက်ခဲ့ပြီး အစီအစဉ် အဆုံး၌ ကိုရင်ကြီးများ၏ ကယန်းတိုင်းရင်းသားရိုးရာ အကနှင့်အတူ "အမေမငိုပါနဲ့" ဟူသောခေါင်းစဉ်ဖြင့် ပြဇာတ် တင်ဆက် ပြသ ခဲ့ပါသည်။

ဆက်လက်၍ရဟန်း၊ သီလရှင်၊ ကိုရင်ကြီးများဂိုဏ်းအသီးသီးမှ ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် ဦးတည်ချက်များအားလုံးကို ပြခန်းတွင် ခင်းကျင်း ပြသရာဘာသာဝင်များမှလည်းစိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှု ခဲ့သည်။

ဤခေါ်တော်မူခြင်းပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ

- (၁)ရဟန်း၊ သီလရှင်၊ ကိုရင်ကြီးများဘဝသို့ခေါ်တော်မူခြင်းရရှိရန်အတွက် အတူတကွ ဆုတောင်းကြရန်၊
- (၂)ရဟန်း၊သီလရှင်၊ကိုရင်ကြီးများဘဝသို့ ခေါ်တော်မူခြင်းကို လူငယ်မောင်မယ်များသိရှိစေရန်၊
- (၃) ရန်ကုန် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သာသနာ(Parish)များတွင်အပတ်စဉ်သွားရောက်ကာဘုရားစကားသင်ကြားပေးနေသောဘရာသာရ်များ၏ဘုရားစကားတန်းမှကျောင်းသား/ကျောင်းသူ၊လူငယ်မောင်မယ်များအချင်းချင်းချစ်ခင်ရင်းနှီး၊ စည်းလုံးညီညွတ်မှုပိုမိုရရှိစေရန်တို့ဖြစ်သည်။

ခေါ်တော်မူခြင်းပွဲတော်ကြီးသို့ ရဟန်းတော်များ (၂၈)ပါး၊ သီလရှင်များ(၆၀)ပါး၊ကိုရင်များ(၂၀၀)ပါးနှင့် ဘာသာဝင်များ (၁၀၆၅) ယောက်တက်ရောက်ခဲ့ကြပြီးပွဲတော်ကြီးကိုညနေ(၃း၃၀) ခန့်တွင် ဘုရား သခင်၏ ကျေးဇူးတော်အားဖြင့်အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ခဲ့ပါကြောင်းသတင်းရရှိပါသည်။Ma Kasha (Momauk)





# Fondacio Archdiocese Youth Leadership Formation Program (YLP), Batch (11). သင်တန်းဆင်းပွဲအခမ်းအနား



**Fondacio Archdiocese Youth Leadership Formation Program** (YLP) Batch (11) ၏သင်တန်းဆင်းပွဲ အခမ်းအနား ကို ၃၀၊ ၁၊ ၂၀၁၆ နေ့တွင် St.Edward Church မင်္ဂလာဒုံမြို့နယ်တွင်ကျင်းပပြုလုပ် ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားကို သင်တန်းဆင်းလူငယ် ကိုယ်စားလှယ်များ၏ မိသားစုဝင်များ၊ YLP သင်တန်းတွင် သင်ကြား ပေး ကြသော ဆရာ၊ဆရာမများ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ Fondacio Myanmar အဖွဲ့ဝင်များနှင့်မိတ်ဆွေ သူငယ်ချင်းများ တက်ရောက်ခဲ့ကြပြီး နေ့လည် (၃) နာရီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တာဝန်ခံ Fr.Gereral Saw Dee De Phoe (ယခင်) မှ ဦးဆောင်သော မစ္ဆားတရားတော် ဖြင့်စတင်ခဲ့ပါသည်။

YLP သင်တန်းသည် Fondacio Myanmar မှ ဦးစီးပြီး Human Module၊ Spiritual Module၊ Social Module၊ Leadership and Management Module စသည့် ဘာသာရပ်များကို သာသနာပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များအား (၇)လတာပြုစုပျိုးထောင်ပေးသောသင်တန်း ဖြစ်ပါသည်။ ယခု သင်တန်းအမှတ်စဉ်(၁၁)တွင် ရန်ကုန် သာသနာ၊ ပုသိမ်သာသနာ၊ ကလေးသာသနာ၊ လားရှိုးသာသနာ နှင့် မြစ်ကြီးနား သာသနာ မှ လူငယ် ကိုယ်စားလှယ်(၁၅) ဦးပါဝင်တက် ရောက်ခဲ့ကြောင်း၊ YLPသင်တန်းသည် ဘာသာပေါင်းစုံတက်ရောက်နိုင်သော သင်တန်းဖြစ်သည့်အားလျော်စွာဗုဒ္ဓဘာသာမှ လူငယ်တစ်ဦးလည်း ယခုအမှတ်စဉ် (၁၁) သင်တန်း ဆင်းပွဲတွင် ပါဝင်ခဲ့ကြောင်း သိရပါသည်။ သင်တန်းဆင်းမစ္ဆားတရားတော်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တာဝန်ခံဘုန်းတော် ကြီးများ ဖြစ်ကြသော Fr. Gereral Saw Dee De Phoe (ယခင်) နှင့် Fr. Joseph Saw Er Kaw Htoo (ယခု) ၊ Catholic Major Seminary မှ စာချဘုန်း တော်ကြီး များ ဖြစ်ကြသော Fr.Banyar နှင့် Fr.Peter Sein Hlaing Oo တို့မှ သင်တန်းဆင်းလူငယ် မောင်မယ်များအား စေလွှတ်ခြင်း အခမ်းအနားကို ပြုလုပ်ပေး ခဲ့ပါသည်။ ထို့နောက် ဘုန်းတော်ကြီး ၄ ပါးအပါအဝင်၊ Fondacio Myanmar မှ Country Responsible ဖြစ်သော Roger Martin နှင့်ယခင် YLP formator တစ်ဦးဖြစ်ခဲ့သည့် Ma Khin Khin တို့မှ သင်တန်း ဆင်း လူငယ်မောင်မယ်များအား Mission Cross ကို ချိတ်ဆွဲပေးခဲ့ကြကာ ဘုန်းတော်ကြီးများ၏ ကောင်းချီးကို ခံယူ၍ သင်တန်းဆင်းမစ္ဆားတရားတော်မြတ်ကို အဆုံးသတ်ခဲ့ပါသည်။

ဆက်လက်၍ သင်တန်းဆင်းအခမ်းအနားတွင် မြန်မာနိုင်ငံ လုံးဆိုင်ရာ လူငယ်တာဝန်ခံ Fr. Saw Er Kaw Htoo (ယခု) နှင့် Fondacio Myanmar ၏ Country Responsible Roger Martin တို့မှ အဖွင့်အမှာစကားပြောကြားကြပြီး YLP သင်တန်း၏ Program Coordinator Ma Mary Sanpi မှလည်း သင်တန်းဆင်းလူငယ်မောင်မယ်များအား ဂုဏ်ပြုစကား နှင့် သင်တန်းဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပိုင်းဝန်းကူညီကြသူများ အားလုံးအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းဆင်းလူငယ်ကိုယ်စားလှယ် ၁၅ ဦးအား သင်တန်းဆင်းလက်မှတ်များကိုချီးမြှင့်ပေးခဲ့ကြကာ သင်တန်းဆင်းလူငယ်များကိုယ်စား လူငယ်တစ်ဦးမှကျေးဇူးတင်စကားပြန် လည်ပြောကြားခဲ့ပါသည်။ ဆက်လက်၍သင်တန်းဆင်းလူငယ်များမှသီဆိုဖြေဖျော်မှုများ တင်ဆက်ပြုလုပ်ခဲ့ပြီးသင်တန်းဆင်းပွဲ တက်ရောက်လာသူများ နှင့် သင်တန်းဆင်း လူငယ်များအတူတကွ ညနေစာသုံးဆောင်ကာသင်တန်းဆင်းပွဲ အခမ်းအနားကို ည (၇) နာရီတွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါ သည်။ (ZESDM)

## သနားကြင်နာခြင်း၏ သာသနာပြုများ အား ပုပ်ဖရန်စစ်စေလွှတ်ခြင်းသတင်း

RVA

ရောမမြို့ရှိ (Saint Peter's Basilica) ကျောင်း၌ ပြာခံခြင်းဗုဒ္ဓဟူးနေ့ကြီး(၁၀၊၂၊၂၀၁၆)မစ္ဆားတရားတော်တွင်ပုပ်ရဟန်းမင်းကြီးဖရန်စစ်ကရာနင့်ချီသော သနားကြင်နာခြင်းကရုဏာတော်၏ သာသနာပြု အဖွဲ့ဝင်များကိုတာဝန်အပ်နှင်းတော်မူခဲ့သည်။ သနားကြင်နာခြင်းဂျူဘီလီနှစ် တွင်ကမ္ဘာအနှံ့သို့သွားကာ အပြစ်အခွင့်ချမ်းသာပေးကြမည်ဖြစ်သော ရဟန်းတော်အချို့အားပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က တွေ့ဆုံခဲ့၍သနားကြင်နာခြင်း၏သာသနာပြုများဖြစ်ကြသောရဟန်းတော်များအားစေလွှတ်ခဲ့ သည်။

သနားကြင်နာခြင်း၏သာသနာပြုများအား ပထမဦးစွာ အရှင်သူမြတ်ကရဟန်းတော်များအား "မိမိတို့ကိုယ်တိုင်သည် အပြစ်သားများဖြစ်ကြသည်ကိုမမေ့လျော့ရန်နှင့် အာပတ်ဖြေရန်လာရောက်ကြသူများအား နေသာထိုင်သာရှိရန်ကူညီပေးကြစေလိုကြောင်း၊အရှင်မြတ်ကိုယ်တိုင် ၁၉၅၃ခုနှစ်က အာပတ်ဖြေခြင်း အတွေ့အကြုံကောင်းနှင့် အာပတ်ဖြေနားထောင်သည့် ရဟန်းတော်၏အပြုံးမျက်နှာကြောင့် ရဟန်းမင်းကြီးအနေနှင့် ရဟန်းဘောင်သို့ ဝင်လိုခဲ့သည်အထိဖြစ်ခဲ့ကြောင်း၊ အပြစ်သားများကို စကားလုံးအားဖြင့်သာ ကြိုဆိုခြင်းမဟုတ်ပဲ အပြုအမူအားဖြင့်လည်း ကြိုဆိုကြရမည်ဖြစ်ပြီး အမှုအရာကရှက်ကြောက်မှုကိုကျော်လွှားနိုင်ကြောင်းရှက်ကြောက်ခြင်းဆိုတာဘာမှအသုံးမထွက်နိုင်လောက်အောင် တခါတရံဖြစ်တတ်ပြီး လူ့ဘဝကိုထိခိုက်စေနိုင်တဲ့အတွက်၊ အာပတ်ဖြေနားထောင်သည့် ရဟန်း၏ အမူအရာသည် အာပတ်လာရောက်ဖြေဆိုသူအား လေးစားမှုနှင့် ခွန်အားပေးသည့် ပုံစံဖြစ်ရမည်။

အာပတ်ဖြေခြင်းနှင့် အာပတ်ဖြေသည့် နေရာသည် စစ်ဆေးမေးမြန်းသည့်နေရာမဖြစ်သွားစေရကြောင်း၊ အာပတ်လာဖြေသူအား ခြိုးနှိမ်သည့်အပြုအမူသို့ ရောက်ရှိသွားစေနိုင်သော မလိုလားအပ်သည့်အသေးစိပ်မေးခွန်းများကိုလည်းမေးမြန်းရန်မသင့်ကြောင်း၊ ဗာတီကန်ရုံးတော်မှညဏ်ပညာကြွယ်ဝသော ကာဒီနယ်ရဟန်းအမတ်တပါးနှင့်ကျွန်ုပ်သည်လွန်ခဲ့တဲ့လအနည်းငယ်ကစကားပြောဖြစ်တဲ့အခါ အာပတ်ဖြေနားထောင်ရာတွင် တချို့ရဟန်းများက "ဘယ်အချိန်က စပြုခဲ့တာလဲ" ဆိုသည့် မေးခွန်းမျိုးများမေးတတ်ကြောင်း ဆွေးနွေးခဲ့ကြတယ်၊ အဲ့ဒီမှာ ကာဒီနယ်ကြီးကပြန်ပြောတယ် "ကျွန်ုပ်အနေနှင့်ကျွန်ုပ်ဆီကို အာပတ်လာဖြေသူက အသေးစိပ်ကြိုးစားပြီးပြောပြ၊ ရှင်းပြဘို့ပြင်နေတယ်ဆိုရင်တောင် ကျွန်ုပ်က အသင်ဆိုလိုခြင်တဲ့သဘောကို ကျွန်ုပ်နားလည်ပါတယ် ငြိမ်သက်ခြင်းနှင့်သွားပါ၊ ပြောလိုက်ပါတယ်"လို့ ဆိုပါတယ်။ ဒါဟာ ဖခင်ဆန်တဲ့ အပြုအမူပါပဲ" ဟု မြွက်ကြားခဲ့သည်။

အာပတ်ဖြေနားထောင်ခြင်းတွင် နာမည်ကျော်ကြားသော ကာပူချင်းရသေ့များဖြစ်ကြသည့် ပါဒရေပီးအိုနှင့် ရဟူရှာ လီအိုပိုးလ် တို့အား အတုယူပြီးဆောင်ရွက်ကြရန်ဖိတ်ခေါ်ရင်းသနားကြင်နာခြင်း၏သာသနာပြုများအား အရှင်သူမြတ်ပုပ်ဖရန်စစ်ကစေလွှတ်ခဲ့ပါကြောင်းဗာတီကန်ရေဒီယိုမှသတင်းရရှိသည်။





## အရှေ့တောင်အာရှတွင် ဓါတုစက်ရုံများပြားခြင်းကြောင့် ကင်ဆာဖြစ်ပွားစေနှုန်း မြင့်တက်

ဓါတုစက်ရုံများ များပြားလာခြင်းကြောင့် အရှေ့တောင်အာရှ ဒေသအတွင်းတွင် ကင်ဆာဖြစ်ပွားနှုန်းမြင့်တက်လာသည်ဟု ကမ္ဘာ့ ကျန်းမာ ရေးအဖွဲ့က ထုတ်ပြန်လိုက်ပါသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့်ကမ္ဘာ့ကင်ဆာနေ့ အတွက်ကမ္ဘာ့ကျန်းမာ ရေး အဖွဲ့မှ ထုတ်ပြန်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကင်ဆာဖြစ်ပွားနိုင်ခြေရှိသည့် ဆေး ရွက်ကြီးသုံးစွဲမှု၊အရက်သောက်သုံးမှု၊ကျန်းမာရေးနဲ့မညီညွတ်သည့်အစား အစာ များရှောင်ရန် အသိပညာပေးမှုများနှင့်လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ရန် တိုက် တွန်း နေပါသည်ဟု သိရပါသည်။ ယခုအချိန်တွင် ကမ္ဘာ့လူဦးရေ (၈.၂)မီလီယံသည်ကင်ဆာရောဂါကြောင့်သေဆုံးခဲ့ကြပြီးသေဆုံးမှုအများ စုသည်ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများမှဖြစ်ပွားနေသည်ဟုထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။(မြစ်မခ)

## နှစ်နိုင်ငံနယ်စပ်မြို့များသို့တိုက်ရိုက်ငွေလွှဲနိုင်ရန် တာဝန်ရှိသူများမှဆွေးနွေး

ထိုင်း၊ မြန်မာနှစ်နိုင်ငံနယ်စပ်မြို့များတွင် ကုန်သည်များတိုက် ရိုက်ငွေလွှဲနိုင်ရန်အတွက် ထိုင်းနိုင်ငံမြောက်ပိုင်း၊ထိုင်းအစိုးရစီးပွားရေး ဘဏ်အဖွဲ့နှင့်တာချီလိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ် များသည် ဖေဖော်ဝါရီ(၅)ရက်နေ့တွင်ဆွေးနွေးခဲ့ကြပါသည်။

“အခုလောလောဆယ် ထိုင်းနိုင်ငံကငွေလွှဲရင် ရန်ကုန်ကိုဘဲ တိုက်ရိုက် ရောက်နေပြီးအဓိကဆွေးနွေးသွားတာကတော့ နယ်စပ်မြို့ တွေဖြစ်တဲ့ တာချီလိတ်နဲ့ မယ်ဆိုင်ကကုန်သည်တွေ ငွေကြေးကို တိုက်ရိုက်လွှဲနိုင်အောင်ဆွေးနွေးတာဖြစ်တယ်” ဟု တာချီလိတ်၊ ကမ္ဘောဇ ဘဏ်အမှတ်(၁)မှ မန်နေဂျာဒေါ်ဇင်မင်းသန့်မှပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံငွေလွှဲမှုတွင် ထိုင်းနိုင်ငံဘက်မှ ကန့်သတ်မှုမရှိ အများ ဆုံးဘတ် ငွေ(၂)သန်းအထိလွှဲနိုင်မှာဖြစ်တယ်လို့အစည်းအဝေးဆွေးနွေးမှု များအရ သိရှိရပါသည်။ တာချီလိတ်မြို့တွင် အစိုးရပိုင်ဖြစ်သော မြန်မာ့ စီးပွားရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ်(၆)ခုရှိပြီးထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့တွင် ဘဏ်(၅)ခု အနည်းဆုံးရှိပါသည်။ (မြစ်မခ)

## တယ်လီနောနှင့် ရိုးမဘဏ်တို့ပူးပေါင်းထားသည့် Wave money ကုမ္ပဏီမှ Mobile ငွေကြေးဝန်ဆောင်မှု ပေးရန်လုပ်ဆောင်နေ

တယ်လီနောနှင့်ရိုးမဘဏ်တို့ပူးပေါင်းထားသည့်Wave Money ကုမ္ပဏီမှမြန်မာနိုင်ငံတွင် Mobile ငွေကြေး ဝန်ဆောင်မှုများကို ၂၀၁၆ ခုနှစ် ဧပြီလ မတိုင်ခင်အသုံးပြုနိုင်ရန် စီစဉ်နေကြပါသည်။

Mobile ငွေကြေးဝန်ဆောင်မှုသည် Mobile ဖုန်းမှတဆင့် ငွေ ပြောင်းငွေလွှဲများပြုလုပ်ထားခြင်းဖြစ်ကာ ဘဏ်မရှိသည့်နေရာများတွင် လည်း ငွေ ကြေး လွှဲပြောင်းမှုများပြုလုပ်နိုင်မည် ဖြစ်ပါသည်။ ငွေလွှဲသူ သည် နီးစပ်ရာ Wave Money ကိုယ်စားလှယ်များမှတစ်ဆင့် ဖုန်းနံပါတ်၊ မှတ်ပုံတင်များနှင့် လွှဲပြောင်းရမည် ဖြစ်ပြီး လက်ခံထုတ်ယူသူသည်လည်း နီးစပ်ရာ ကိုယ်စားလှယ်အေးဂျင့်များထံမှ ထုတ်ယူနိုင်မည် ဖြစ်ပါသည်။

တယ်လီနောဆင်းကတ်အသုံးပြုသူများအနေနှင့် *901# ကို ဖုန်းခေါ်ဆိုကာအကောင့်ပြုလုပ်နိုင်မည်ဖြစ်ပြီးအများဆုံးငွေကျပ် နှစ်သိန်း အထိ လွှဲပြောင်းနိုင်မည်ဖြစ်ပါသည်။ (မြစ်မခ)

## အင်းလေးဒေသအတွင်းသစ်တော ဝန်ကြီးဌာနမှ ကျွန်းမျော တိုးချဲ့ စိုက်ပျိုးမှု တားမြစ်သဖြင့် ကျွန်းမျောဈေးနှုန်း မြင့်တက်

ရှမ်းပြည်နယ်ရှိ အင်းလေးကန် မတိမ်ကောစေရန် အတွက် ကန်ရေပြင်တွင် ကျွန်းမျောတိုးချဲ့စိုက်ပျိုးမှုများကို တားမြစ်ထားသည့် အတွက် ကျွန်းမျော ဈေးနှုန်းများမြင့်တက်နေခြင်းဖြစ်သည် ဟုဒေသခံ များထံမှသိရှိရပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍အင်းလေးကန်တွင် ကျွန်းမျော အလျား ပေ ၁၀၀တွင် ကျပ်ရှစ်သောင်းဝန်းကျင်သာရှိခဲ့သော်လည်း၂၀၁၅- ၂၀၁၆ ခုနှစ်တွင်ကျပ် နှစ်သိန်း ဝန်းကျင်အထိ ဈေးနှုန်းများမြင့်တက်နေ ခဲ့ပါ သည်။ အင်းလေးကန်ထဲတွင်ကျွန်းမျောများတိုးချဲ့ခြင်းကို တားမြစ်သော အစီအစဉ်ဖြစ်သည့်အင်းလေးကန် ရေရှည်တည်တံ့ရေး နှင့်သဘာဝ ပတ်ဝန်း ကျင် အခြေအနေများထိန်းသိမ်းရေး (၅) နှစ်တာ လုပ်ငန်း စီမံချက် များကို ၂၀၁၀-၁၁မှ၂၀၁၄-၁၅ ထိဌာန ၁၂ ခုဖြင့် ဆောင်ရွက် ခဲ့ပါသည်။အင်းသားများသည်ကျွန်းမျောများပေါ်တွင်ခရမ်းချဉ်သီး၊ဂေါ်ရက် သီး၊ ဘူးသီး နှင့်ကြက် ဟင်း ခါးသီး များကို အများဆုံးစိုက်ပျိုးကြသည်။

## ရန်ကုန်မြို့တွင်အမြန်ဘတ်စ်ကား စနစ် (BRT) စတင်ပေးဆွဲခြင်းသတင်း

ရန်ကုန်မြို့တွင်ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်ဘတ်စ်ကား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အမြန်ဘတ်စ်ကား စနစ် (BRT) ကို ဖေဖော်ဝါရီ(၇)ရက်နေ့တွင်စတင်ပြေးဆွဲလိုက်ပါသည်။

ယာဉ်စီးခသည်တစ်ယောက် ကျပ် ၃၀၀ နှုန်းဖြင့်ပထမအဆင့် ဖြစ်သောBRTလမ်းကြောင်းအမှတ်(၁)ဖြစ်သည့် ထောက်ကြန့်လမ်းဆုံနား စက်မှု(၁)ဝင်းBRTဂိတ်ရင်းမှပြည်လမ်းတစ်လျှောက်၊ဗိုလ်ချုပ်လမ်း၊ ကမ္ဘာ အေးဘုရားလမ်းမှ ပြည်လမ်းရှစ်မိုင်၊ ထိုမှတစ်ဆင့် ပြည်လမ်း ထောက်ကြန့် သို့ပြေးဆွဲခြင်းဖြစ်ပါသည်။

BRTယာဉ်လိုင်းအားစီးနင်းခဲ့သောစမ်းချောင်းမှကိုမျိုးအိမ်ဇော်မှ လည်းသူ၏အခက်အခဲများကိုယခုလိုပြောကြားခဲ့ပါသည်။လမ်းကြောင်းအ မှတ် (၂) ကိုလည်းသိပ်မကြာခင်ကမ္ဘာအေးဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တစ်ထောင်ဘုရားလမ်း၊ကမ်းနားလမ်း၊ဆူးလေဘုရားလမ်း၊ ပြည်လမ်း တို့ တွင်ထပ်မံပြေးဆွဲသွားမည် ဖြစ်ပါသည်။(မြစ်မခ)

## နမ့်ဆန် မီးဘေးသင့်ပြည်သူများအား အစိုးရမှ ဆန်ခြောက်လစာ ထောက်ပံ့မည်

ရှမ်းပြည်နယ် မြောက်ပိုင်း၊နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ကို အစိုးရ မှ တစ်အိမ်ထောင်သုံးသိန်းကျပ် လတ်တလော ထောက်ပံ့ ပေးပြီးထပ်၍ ခြောက်လစာ ဆန်ထောက်ပံ့ပေးသွားရန် ရည်ရွယ်ထား သည် ဟု အစိုး ရအဖွဲ့မှ သိရပါသည်။

အိမ်ထောင်စု စာရင်းအပေါ်မူတည်ပြီး ပြန်လည်ထူထောင်ရေး အတွက် လိုအပ်သည့် ထောက်ပံ့ကြေးများကို အတိုင်းတာတစ်ခုအထိ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီးစီးပွားရေးလုပ်ငန်းများပြန်လည် ထူ ထောင် ရေးအတွက်ပိုင်းဝန်းလုပ်ဆောင်ပေးသွားမည်ဟုသိရပါသည်။

နမ့်ဆန်မြို့ အထောက်ကူပြု ကော်မတီဝင် တစ်ဦးဖြစ်သည့် ဦးကျားတီက " မြို့မှာ ရေလုံလောက် အောင် လုပ်ပေးလျှင်ကိုကျေနပ်ပြီး လမ်းကိုလည်း ကား နှစ်စီးသွား လို့ရ အောင် လုပ်ပေးစေချင်တယ်"ဟု ပြောပါသည်။ ယခုအချိန်တွင် တိုင်းစစ်ဌာနချုပ်က ဆန်အိတ်တစ်ရာ ချ ထားပေးပြီး အရေးပေါ် လိုအပ်သည့် စောင်အထည် (၃၀၀) ကျော်နှင့် မန္တလေးမှ ဆန် အိတ်တစ်ထောင်ပို့ပေးမည်ဟု သိရပါသည်။(မြစ်မခ)







ထိုင်ဝမ်မြေငလျင် (စာ-၉ )




သမ္မာကျမ်းစာဦးဆောင်သူများသင်တန်း (စာ-၆)



ယုံကြည်မှုမတူသူများတွေ့ဆုံ ဆွေးနွေးဖလှယ်ခြင်း (စာ-၂ )



လားရှိုး သူတော်စင်များနစ်ပိတ်ပွဲ







(၁၁၄)ကြိမ်မြောက် ညောင်လေးပင်လုဒ်မယ်တော်သခင်မပွဲတော်ကြီး



လာဇလက်ကြယ်နစ်ပွင့် (စာ-၁၁ )



ပထမနှင့် ရာသက်ပန် သစ္စာခံယူခြင်း (စာ-၁၁)



ခေါင်းဆောင်မှုသင်တန်း (စာ -၁၂)

**သင်၏လက်ကိုင်ဖုန်းထဲသို့(RVA)အာရှသမ္မာတရားလေးလှိုင်းအသံများကို Mobile ဖြင့် (၂၄)နာရီနားဆင်နိုင်ပါပြီ**




**http://myanmar.rveritas-asia.org/** **အချိန်အခါမရွေး၊ နေရာမရွေး RVA - Mobile - သုံးကြစို့**